ကြေးမုံ
The Mirror

၁၃၆၆ ခုနှစ်၊ဒုတိယဝါဆိုလဆန်း ၆ရက်၊ ကြာသပတေးနေ့၊ (22-7-2004)(၄၃၀၂)

ဂါရဝေါ စ
တော် မင်္ဂလ မုတ္တမံ။

ရိုသေထိုက်သူကိုရိုသေခြင်း သည် မြတ်သော မင်္ဂလာမည်၏။

ရှင်းလင်းတင်ပြ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များအား ဇူလိုင် ၁၅ ရက်က Lujiazui Central Green ဥယျာဉ်ပြတိုက်၌ Lujiazui Finance and Trade Zone Development Company, Deputy General Manager, Mr. Shun Xiang Xu က Shanghai Lujiazui Centre Financial District Planning ပုံစံငယ်ဖြင့် မြို့ပြတည်ဆောက်ရေးလုပ်ငန်းများ ရှင်းလင်းတင်ပြစဉ်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ ရှန်ဟိုင်းမြို့ ဖူတုန်းစက်မှုဇုန်ရှိ သိပ္ပံနှင့်နည်းပညာပြတိုက် လေ့လာ တရုတ်–မြန်မာ ပူးပေါင်းဆောင်ရွက်မှုကဏ္ဍများတွင် ပါဝင်ရန် ဖိတ်ခေါ်

ရန်ကုန် ဇူလိုင် ၂၁

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဇူလိုင် ၁၅ရက် နံနက် ၉နာရီခွဲတွင် Pudong **စက်မှုဇုန်ရှိ** Shanghai Science and Technology Museum **သို့ရောက်ရှိကြရာ** Shanghai Pudong New Area People's Government, Vice Mayor, Mr. Endi Zhang **နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။**

ထို့နောက် Museum ခန်းမ၌ Shanghai Pudong New Area People's Government, Vice Mayor, Mr. Endi Zhang က Pudong စက်မှုဇုန်၏ တည်နေရာနှင့် အကျယ်အဝန်း၊ စက်မှုဇုန် စတင်ဖွင့်ချိန်တွင် အဓိကစီးပွားရေးမှာ ကုန်ပစ္စည်းထုတ်လုပ်ရေးဖြစ်သော်လည်း ယခုအခါ အဓိကစီးပွားရေးမှာ သိပ္ပံနည်းပညာဖြစ်လာမှု၊ စက်မှုဇုန်၏ဂျီဒီပီအရှိန်အဟုန် တိုးတက်လာမှု၊ Pudong စက်မှုဇုန်ကို Lujiazui Finance and Trade Zone၊ Jinqiao Export and Processing Zone၊ Waigaoqiao Free Trade Zone၊ Zhangjiang Hi-Tech Park တို့ဖြင့် ဖွဲ့စည်းထားမှု၊ ဇုန်အလိုက် **စာမျက်နှာ ၆ ကော်လံ ၁ သို့** ❁

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- * နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- * အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- * ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- * စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- * နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- * တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- * အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

စုပေါင်း ဓာတ်ပုံရိုက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ ဇူလိုင် ၁၅ရက်က ရှန်ဟိုင်းမြို့ Lujiazui Central Green ဥယျာဉ်အတွင်း လှည့်လည်ကြည့်ရှုကြပြီး စုပေါင်းဓာတ်ပုံရိုက်ကြစဉ်။

(သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

၂၂-၇-၂၀၀၄
(ကြာသပတေးနေ့)

ရာသီမရွေး လွယ်ကူစွာ ဆက်သွယ်သွားလာနိုင်ရေး ကျေးရွာချင်းဆက် ကိုယ့်အားကိုယ်ကိုး တံတားတည်ဆောက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပြည်ထောင်စုကြီးအတွင်း ဒေသအားလုံး ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စီမံကိန်းများ ချမှတ်အကောင်အထည်ဖော်လျက်ရှိရာ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားပြည်သူများ၏ လူနေမှုအဆင့်မြင့်မားရေးတို့အတွက် အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းတည်ဆောက်ပေးလျက်ရှိသည်။

နိုင်ငံတော်က ဝေးလံသော နယ်စပ်ဒေသများအပါအဝင် နယ်မြေဒေသအားလုံး ဖွံ့ဖြိုးတိုးတက်စေရေး စီမံဆောင်ရွက်ရာတွင် အဓိကကျသည့် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်စေရေးလုပ်ငန်းများကို အလေးထားတည်ဆောက်လျက်ရှိသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာနက လမ်းနှင့် တံတားများကို အရှိန်အဟုန်ဖြင့် တိုးချဲ့တည်ဆောက်ဖောက်လုပ်လျက်ရှိရာ ၁၉၈၈ ခုနှစ်က လမ်းမိုင် တစ်သောင်းသုံးထောင်ကျော်ရှိခဲ့ရာမှ ယခုအခါ လမ်းမိုင် တစ်သောင်းရှစ်ထောင်ကျော်ရှိလာပြီဖြစ်သည်။ လမ်းများဖောက်လုပ်ခြင်းနှင့်အတူ တံတားကြီး၊ တံတားငယ် များစွာတို့ကိုလည်း တည်ဆောက်လျက်ရှိသည်။

နိုင်ငံတော်ဘဏ္ဍာငွေဖြင့် တည်ဆောက်ဖောက်လုပ်ပေးခဲ့သည့် လမ်း၊ တံတားများစွာ တိုးတက်ဖြစ်ထွန်းလာမှုကြောင့် တိုင်းရင်းသားပြည်သူများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် လူမှုပတ်ဝန်းကျင် အနေအထားမြှင့်တင်မှုတို့ကို အကျိုးပြုလျက်ရှိသည်။

အလားတူ ဒေသဆိုင်ရာအာဏာပိုင်များ၊ ပြည်သူများနှင့် လုပ်ငန်းရှင်များကလည်း နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ပူးပေါင်းပါဝင်တည်ဆောက် လုပ်ကိုင်လျက်ရှိကြသည်။

စစ်ကိုင်းတိုင်း ဆားလင်းကြီးမြို့နယ် ဂုံတောကျေးရွာနှင့် ယင်းမာပင်မြို့နယ် အောင်ချမ်းသာကျေးရွာတို့ကို ဆက်သွယ်ပေါင်းကူး တည်ဆောက်ထားသည့် မြောက်ယမားချောင်းတံတား ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၁၅ ရက်နေ့က ကျင်းပခဲ့သည်။ အဆိုပါ တံတားဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် တက်ရောက် အမှာစကားပြောကြားပြီး ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးခဲ့သည်။

မြောက်ယမားချောင်းတံတားသည် မုံရွာ-ပုလဲ-ဂန့်ဂေါလမ်းနှင့် မုံရွာ-ဆားလင်းကြီး-ပခုက္ကူလမ်းတို့ကို ဆက်သွယ်ထားသည့် လမ်းပိုင်းပေါ်တွင်တည်ရှိပြီး စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏အစီအမံဖြင့် ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများ ပူးပေါင်းပါဝင်ပြီး ကိုယ့်အားကိုယ်ကိုး တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

မြောက်ယမားချောင်း၏ ထူးခြားသော သဘာဝအနေအထားအရ တံတားကို သစ်သားနှင့်တစ်ပိုင်း၊ ဘေလီကြိုးဆိုင်းနှင့် တစ်ပိုင်း ဆက်စပ်တည်ဆောက်ထားခြင်းဖြစ်သည်။ တံတားအရှည်သည် သစ်သားအပိုင်းဖြင့် ၆၉၇ ပေ၊ ဘေလီအပိုင်းအရှည် ပေ ၂၅၀၊ စုစုပေါင်းတံတားအရှည် ၉၄၇ ပေ ရှိသည်။

အဆိုပါ မြောက်ယမားချောင်းကူးတံတားကြီးကို တည်ဆောက်ရာတွင် လုပ်အားခ၊ ဘိလပ်မြေ၊ သံချောင်းနှင့် သစ်ထုတ်လုပ်မှုစရိတ်တို့မှလွဲ၍ ကျန်သည့် တည်ဆောက်ရေးဆိုင်ရာပစ္စည်းများကို တိုင်းအတွင်းရှိဌာနများနှင့် ကုမ္ပဏီအချို့က ဝိုင်းဝန်းပံ့ပိုးကူညီ၍ ဆောက်လုပ်ခဲ့ကြကြောင်း သိရသည်။

မြောက်ယမားချောင်းတံတားဖွင့်လှစ်နိုင်ခြင်းကြောင့် ဆားလင်းကြီးမြို့နယ်မှ ကျေးရွာခုနစ်ရွာ၊ လူဦးရေ ၂၅၀၀၀၊ ယင်းမာပင်မြို့နယ်မှ ကျေးရွာ ၃၄ ရွာ၊ လူဦးရေ ၅၇၅၀၀ တို့၏ စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်မှုကို အကျိုးပြုလျက်ရှိသည်။ အဆိုပါ တံတားနှင့် လမ်းသစ်ကို အသုံးပြု၍ မုံရွာ၊ ပခုက္ကူ၊ ဆားလင်းကြီး၊ ယင်းမာပင်မြို့များသို့ အချိန်တိုအတွင်း လွယ်ကူစွာ ဆက်သွယ်သွားလာနိုင်ကြပြီဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်အစိုးရက ပြည်ထောင်စုတစ်ဝန်း ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်ရေးအကျိုးပြု လမ်း၊ တံတားများစွာကို တည်ဆောက်ပေးခြင်းအပါအဝင် ဖွံ့ဖြိုးရေးအခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးလျက်ရှိသည့် ကာလတွင် ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသခံပြည်သူများကလည်း မိမိမြို့ရွာ၊ မိမိဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ကိုယ့်အားကိုယ်ကိုး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားနိုင်ကြမည်ဟု ကြေးမုံက ယုံကြည်ပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်အား ပါကစ္စတန်သံအမတ်ကြီးတွေ့ဆုံ

ရန်ကုန် ဇူလိုင် ၂၁

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်အား ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ပါကစ္စတန်အစ္စလာမ်မစ် သမ္မတနိုင်ငံသံအမတ်ကြီး H.E. Mr. Muhammad Nawaz Chaudhry သည် ယနေ့ မွန်းလွဲ ၂နာရီတွင် ဝန်ကြီးရုံးသို့ လာရောက်တွေ့ဆုံသည်။ **(အပေါ်ပုံ)**

ယင်းသို့ တွေ့ဆုံရာတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ယင်းသို့ တွေ့ဆုံရာတွင် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန်းဆွေနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ (သတင်းစဉ်)

ရေကြည်မြို့နယ်အသင်း ဝါဆိုသင်္ကန်းဆက်ကပ်ပွဲ

ရန်ကုန် ဇူလိုင် ၂၁

ရေကြည်မြို့နယ်အသင်း (ရန်ကုန်)မှ ရန်ကုန်မြို့တွင် သီတင်းသုံးနေထိုင်ကြသော ရေကြည်မြို့နယ် ဇာတိဆရာတော်ကြီးများအား (၁၄)ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင်၂၅ရက် (တနင်္ဂနွေနေ့)နံနက် ၉နာရီတွင် သရက်တောတိုက် စိတ္တသုခကျောင်း လမ်းမတော်မြို့နယ်တွင် ပြုလုပ်မည်ဖြစ်ရာ လှူဒါန်းပူဇော်လိုသူများသည် ဥက္ကဋ္ဌ ဦးဝင်းကြည် ဖုန်း-၂၈၃၈၆၂၊ အတွင်းရေးမှူး ဦးလှဝင်း ဖုန်း-၂၁၁၀၁၀တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။

(က-ပ)

နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်အား လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဒုတိယ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဖုန်ဆာဗတ်ဘိုဖာ လာရောက် တွေ့ဆုံစဉ်။

(သတင်းစဉ်)

မဇ္ဈိမဂုဏ်ရည်ရိပ်သာ စုပေါင်းဝါဆိုသင်္ကန်းကပ်လှူပွဲ

ရန်ကုန် ဇူလိုင် ၂၁

သာကေတမြို့နယ် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာအနီးရှိ မဇ္ဈိမဂုဏ်ရည် မဟာစည်သာသနာ့ရိပ်သာကြီးတွင် ပုရိမဝါကပ်တော်မူကြမည့် ပဓာနနာယက မဇ္ဈိမဂုဏ်ရည် ဆရာတော် ဒေါက်တာဘဒ္ဒန္တ ကောဝိဒ အရှင်မြတ်နှင့် သံဃာတော်များ၊ ပင့်သံဃာမထေရ်ကြီးများအား မဇ္ဈိမဂုဏ်ရည် ဗုဒ္ဓသာသနာ့နုဂ္ဂဟအဖွဲ့နှင့် ယောဂီများက ကြီးမှူးကြ၍ စုပေါင်းဝါဆိုသင်္ကန်းကပ်လှူပွဲကို ၁၃၆၆ ခု ဒုတိယဝါဆိုလပြည့်ကျော် ၁ရက် ဩဂုတ် ၁ရက် (တနင်္ဂနွေနေ့) ညနေ ၃ နာရီ၌ မဇ္ဈိမဂုဏ်ရည်မဟာစည်ရိပ်သာတွင်ကျင်းပမည်ဖြစ်ရာ မဇ္ဈိမဂုဏ်ရည်ယောဂီများ၊ ပစ္စည်းလေးပါး အလှူရှင်များနှင့် ဝါဆိုသင်္ကန်း ကပ်လှူလိုသူများ ကြွရောက်နိုင်ရန် ဖိတ်ကြားထားသည်။ (က-ပ)

နိုင်ငံခြားရေးဝန်ကြီး ဦးဝင်းအောင်အား လာအို ဒုတိယနိုင်ငံခြားရေးဝန်ကြီး တွေ့ဆုံ

ရန်ကုန် ဇူလိုင် ၂၁

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်အား လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယ နိုင်ငံခြားရေးဝန်ကြီး မစ္စတာဖုန်ဆာဗတ်ဘိုဖာသည် ယနေ့နံနက် ၁၁နာရီတွင် နိုင်ငံခြားရေး ဝန်ကြီးဌာနသို့ လာရောက်၍ ဂါရဝပြုတွေ့ဆုံနှုတ်ဆက်သည်။

ထိုသို့ တွေ့ဆုံရာတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၊ လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးတင်ဦး၊ နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထွန်းနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ဂုဏ်ပြုညစာ

ညပိုင်းတွင် လာအိုဒုတိယ နိုင်ငံခြားရေးဝန်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းက ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ ဂုဏ်ပြုညစာ စားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

(သတင်းစဉ်)

တည်ခင်းဧည့်ခံ

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဒုတိယနိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဖုန်ဆာဗတ်ဘိုဖာအား ကုန်သည်ကြီးများဟိုတယ်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံစဉ်။

(သတင်းစဉ်)

မြန်မာနိုင်ငံအပေါ် အမေရိကန်တို့ စီးပွားရေးတိုးမြှင့်ပိတ်ဆို့နေမှုဟာ ဘယ်သူ့အတွက်လဲ

အမေရိကန်ဘုရှ်အစိုးရဟာ မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့အရေးယူမှုကို သက်တမ်းတစ်နှစ် တိုးမြှင့်လိုက်ပါတယ်။ အခုလို ဆောင်ရွက်လိုက်တာဟာ မြန်မာပြည်သူတို့ လူ့အခွင့်အရေး၊ ဒီမိုကရေစီရေးအတွက် ဆောင်ရွက်တာမဟုတ်ဘဲ သူတို့အမေရိကန်အကျိုးကိုသာ အဓိကထားဆောင်ရွက်တာ ဖြစ်ပါတယ်။ အထူးသဖြင့် အမေရိကန်အစိုးရအတွက် နိုင်ငံရေးဝါဒ ဖြန့်ချိရေး အမြတ်ရဖို့၊ မြန်မာနိုင်ငံကို ဩဇာခံဖြစ်လာဖို့နဲ့ အမေရိကန်သမ္မတနဲ့ လွှတ်တော်အမတ်များအပေါ် အမေရိကန်မဲဆန္ဒရှင်များ ထောက်ခံမှုရဖို့သာ ဖြစ်ပါတယ်။ အဲဒီလို အမေရိကန်ရဲ့ တစ်ဖက်သတ် စီးပွားရေးပိတ်ဆို့အရေးယူမှုအပေါ် အာဆီယံနဲ့ အာရှနိုင်ငံတိုင်းလိုလို လက်မခံတဲ့အတွက် မအောင်မြင်နိုင်တာ အမှန်ပင်ဖြစ်ပါတယ်။

ကမ္ဘာမှာ အရှေ့အုပ်စုနှင့် အနောက်အုပ်စုရယ်လို့ တည်ရှိခဲ့တဲ့ စစ်အေးကာလတုန်းကဆိုရင် အမေရိကန် အစိုးရအဆက်ဆက်တို့ဟာ အရှေ့အုပ်စုက ကွန်မြူနစ်နိုင်ငံတွေအပေါ် ဆန့်ကျင်တဲ့မူဝါဒ ချမှတ်ကျင့်သုံးခဲ့ပေမယ့် တစ်ဖက်မှာတော့ သီးနှံတန်ချိန် သန်းနဲ့ချီပြီး အဲဒီကွန်မြူနစ်နိုင်ငံများသို့ နှစ်စဉ်တင်ပို့ ရောင်းချခဲ့ကြပါတယ်။ စစ်ရေးဘက်မှာ အသုံးမပြုနိုင်တဲ့ စက်မှုနည်းပညာတွေကိုလည်း လွှဲပြောင်းရောင်းချခဲ့တဲ့ ဆက်ဆံရေးတစ်ရပ် တည်ရှိခဲ့ကြပါတယ်။

၁၉၇၀ ပြည့်လွန်နှစ်များက အစပြုလို့ ဥရောပနှင့်အာရှရှိ ဆိုရှယ်လစ်နိုင်ငံများဟာ မိမိတို့ရဲ့ စီးပွားရေး၊ နိုင်ငံရေးအခြေအနေတွေ အရေးမလှဖြစ်လာပြီး အရင်းရှင်နိုင်ငံများနဲ့ အလွန်ကွာဟလာခဲ့ပါတယ်။ ဒီအပေါ် ကိုယ်ပိုင်သဘောပေါက်ချက်အသီးသီးနဲ့ ၁၉၇၀ ပြည့်လွန်ကာလ ကုန်ဆုံးချိန်နဲ့ ၁၉၈၀ ပြည့်လွန်ကာလများမှာ ပြုပြင်ပြောင်းလဲလာကြပါတယ်။ အခုလို ပြောင်းလဲလာမှုဟာ အမေရိကန်အပါအဝင် အနောက်အုပ်စုနိုင်ငံများရဲ့ အကြိမ်ကြိမ် စီးပွားရေးပိတ်ဆို့အကျပ်ကိုင်မှုကြောင့် မဟုတ်ဘူးဆိုတာကို အထင်အရှားတွေ့ရမှာ ဖြစ်ပါတယ်။ သက်ဆိုင်ရာ ကာယကံရှင်နိုင်ငံများရဲ့ ပြည်တွင်းလိုအပ်ချက်ကြောင့်သာ ဖြစ်ပါတယ်။ အရင်းရှင်နဲ့ ဆိုရှယ်လစ်အုပ်စုနှစ်စု ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရာကနေ ပြုပြင်ရေးတွေ သဘာဝကျစွာပေါ်ပေါက်လာတာ ဖြစ်ပါတယ်။

အခုလို ကမ္ဘာ့ဖွံ့ဖြိုးဆဲနိုင်ငံများ ဈေးကွက်စီးပွားရေးနဲ့ ဒီမိုကရေစီဘက်သို့ ပြောင်းလဲလာကြတဲ့ အကွေ့အလှည့်မျိုးတွင် အမေရိကန်နိုင်ငံအဖို့ အသင့်လျော်ဆုံး နိုင်ငံခြားရေးမူဝါဒဟာ ဒုတိယကမ္ဘာစစ်ပြီးခေတ် မာရှယ်စီမံကိန်းနဲ့ ပြာပုံထဲကနိုင်ငံတွေကို ကူညီတဲ့စီမံကိန်းလို မူဝါဒမျိုးသာ ဖြစ်သင့်ပါတယ်။ ဒီတုန်းက အနောက်ဥရောပစစ်ဒဏ်သင့်နိုင်ငံတွေဟာ စီးပွားရေး နာလန်ထူလာတာနဲ့အမျှ အရင်းရှင်စနစ်ရဲ့ ဈေးကွက်စီးပွားရေးနဲ့ ဒီမိုကရေစီကို ဆက်လက်ထူထောင် ဖွံ့ဖြိုးသွားနိုင်ခဲ့တယ်။ ဒါပေမယ့် နောက်ပိုင်းမှာတော့ အမေရိကန်နိုင်ငံဟာ အဲဒီတုန်းက ကမ္ဘာစစ်ကြီးကိုလည်း နိုင်အောင်တိုက်ခဲ့ရသလို စစ်ဘေးသင့်နိုင်ငံတွေကို ကူညီပံ့ပိုးနိုင်ခဲ့တဲ့ စွမ်းပကားမျိုးမရှိတော့ပါဘူး။ ဗီယက်နမ်လိုဒေသ စစ်ပွဲတစ်ခု ဆင်နွှဲပြီးနောက်ပိုင်းတွင် နှစ်စဉ်ဘတ်ဂျက်လိုငွေပြလာတဲ့ အစိုးရများသာဖြစ်ပါတယ်။ ဒါကြောင့် ဒီအခြေအနေတွေအပေါ် မူတည်ပြီး အမေရိကန်အစိုးရတွေဟာ မာရှယ်စီမံကိန်းထက် ကုန်ကျစရိတ်သက်သာတဲ့ **"လူ့အခွင့်အရေးနဲ့ ဒီမိုကရေစီ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုတွေ ဦးစားပေးလုပ်ဆောင်ရေးဆိုတဲ့ နိုင်ငံခြားရေးဝါဒ"** ကို ကျင့်သုံးလာခဲ့ပါတယ်။ ဒါဟာ အခြေခံစီးပွားရေးကုန်ထုတ်စွမ်းအားစုတွေ ဖွံ့ဖြိုးတိုးတက်အောင် ကူညီမှုမပါတဲ့ အပေါ်ထပ်နိုင်ငံရေး ပြုပြင်ပြောင်းလဲဖို့ကိုသာ တွန်းအားပေးတဲ့နည်း ဖြစ်ပါတယ်။ မာရှယ်စီမံကိန်းနဲ့ ဖြောင့်ဖြောင့်ဆန့်ကျင်ဘက်ဖြစ်တဲ့ အစွန်းရောက် ဒီမိုကရေစီပြုပြင်ရေးလမ်း (Ultra Democratic Reforms) သာ ဖြစ်ပါတယ်။

ဒီအမေရိကန်နိုင်ငံခြားရေး မူဝါဒဟာ အမေရိကန်မဲဆန္ဒရှင်များနဲ့ နိုင်ငံတကာပြည်သူများက အမေရိကန်အစိုးရအပေါ် ကယ်တင်ရှင်သဖွယ်၊ ကမ္ဘာ့ဒီမိုကရေစီ ရှေ့ဆောင်ရှေ့ရွက်ကြီးသဖွယ် ထင်မှတ်လာစရာ ရှိပါတယ်။ အမှန်ကတော့ ဒါဟာ လူ့အခွင့်အရေး၊ ဒီမိုကရေစီရေးဇန်းပြပြီး အမေရိကန်တို့ ကိုယ်ကျိုးစီးပွားကို ကြိုးပမ်းနေမှုသာဖြစ်ပါတယ်။

တရုတ်ပြည်နဲ့ နှိုင်းယှဉ်ရင် အဲဒီလို အမေရိကန်နိုင်ငံခြားရေးဝါဒကို ထောက်ခံအကောင်အထည်ဖော် ပြောင်းလဲခဲ့ကြတဲ့ အရှေ့အုပ်စုနိုင်ငံတွေမှာ ဒီကနေ့တိုင် စီးပွားရေးအောင်မြင်မှု၊ လူနေမှုမြင့်မားတိုးတက်မှုတွေကို မတွေ့ရသေးပါ။

ကွန်မြူနစ်ပါတီရဲ့ ဦးဆောင်မှုနဲ့ ဆိုရှယ်လစ်ဈေးကွက် စီးပွားရေးထူထောင်နေတဲ့ တရုတ်ပြည်ကြီးဟာ အမေရိကန်တို့ရဲ့ မူဝါဒနဲ့ ဆန့်ကျင်ဘက်ဖြစ်နေပေမယ့် အမေရိကန်တို့အတွက် အကျိုးဖြစ်ထွန်းတဲ့အတွက် အမေရိကန်အစိုးရဟာ တရုတ်

အောင်မိုးခံ

ပြည်နဲ့ စီးပွားရေး၊ ကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်မှုတွေ တိုးမြှင့်လုပ်ကိုင်နေပါတယ်။ ဒါကိုကြည့်ခြင်းအားဖြင့် အမေရိကန်တို့ရဲ့ ဦးစားပေးဟာ အမေရိကန်အကျိုးစီးပွားသာ ဖြစ်တယ်ဆိုတာကို ရုပ်လုံးပေါ်လာပါတယ်။

ဒီကနေ့သမိုင်းခေတ်ဟာ ၁၉ရာစုတုန်းက အင်္ဂလန်တစ်နိုင်ငံတည်း ကမ္ဘာ့အရင်းရှင်စနစ်ကို ရှေ့ဆောင်ခဲ့ချိန်၊ ၂၀ ရာစုတွင် အမေရိကန်တစ်နိုင်ငံတည်းက ကမ္ဘာ့အရင်းရှင်စနစ်ကို ရှေ့ဆောင်ခဲ့ချိန် မဟုတ်တော့ပါ။ အရင်းရှင် ကမ္ဘာ့ဈေးကွက်ကြီးတွင် အရင်းရှင်အုပ်စုကြီး သုံးစုအားပြိုင်မှု (Tripartite Competition) ပေါ်ထွက် ခိုင်မြဲလာပြီးဖြစ်ပါတယ်။ ဒါတွေကတော့–

(၁) အမေရိကန်အမှူးပြုတဲ့ လက်တင်အမေရိကန်နိုင်ငံများ
(၂) ဥရောပသမဂ္ဂ
(၃) ဂျပန်ရှေ့ဆောင်တဲ့ စက်မှုနိုင်ငံသစ်များ(တောင်ကိုရီးယား)၊ အာဆီယံအဖွဲ့နဲ့ တရုတ်နိုင်ငံများအုပ်စုတို့ဖြစ်ပါတယ်။

ဒါကြောင့် တစ်ချိန်တုန်းကလို ကမ္ဘာ့ဈေးကွက်ကြီးကို အင်္ဂလန်တစ်နိုင်ငံတည်းက၊ အမေရိကန်တစ်နိုင်ငံတည်းက တစ်သွေး၊တစ်သံ၊တစ်မိန့် ချုပ်ကိုင်လို့ မရနိုင်တော့ပါ။

ဥပမာအားဖြင့် အမေရိကန်တို့ ကျူးဘားနိုင်ငံကို ပိတ်ဆို့ရာတွင်လည်း ဥရောပသမဂ္ဂနဲ့ အကြီးအကျယ် သဘောကွဲခဲ့ပါတယ်။ မြန်မာနိုင်ငံအပေါ် အမေရိကန်တို့ ပိတ်ဆို့ရာတွင်လည်း ဂျပန်၊ တောင်ကိုရီးယား၊ တရုတ်၊ အာဆီယံစတဲ့ တတိယအုပ်စုနိုင်ငံများပါဝင်တဲ့ အာရှနိုင်ငံများနဲ့ သဘောကွဲလွဲလျက်ရှိပါတယ်။ အဲဒီလို တစ်ဖက်သတ် စီးပွားရေး ပိတ်ဆို့အရေးယူမှုနဲ့ ပတ်သက်လို့ အမေရိကန်နိုင်ငံအတွင်းမှာပင် တညီတညွတ်တည်း မဖြစ်တာတွေ့ရပါတယ်။ "၁၉၉၀–၉၆ ခုနှစ်ကာလအတွင်း အမေရိကန်က အာဆီယံသို့ ပို့ကုန်ပမာဏဟာ ၁၀၄ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်း၊ အမေရိကန်ရဲ့ ပို့ကုန် ဈေးကွက်များမှာ အတိုးတက်ဆုံးဒေသဖြစ်ကြောင်း၊ ဒါကြောင့် အမေရိကန် ထိပ်တန်းလုပ်ငန်းရှင်များဟာ မိမိတို့ဘာသာ ဒီဒေသကို ခရီးထွက်လာခြင်း ဖြစ်ကြောင်း၊ အဲဒီလို အရေအတွက် (၅၀)ရှိတဲ့ စီးပွားရေးလုပ်ငန်းရှင်ကြီးများ အဖွဲ့က မြန်မာနိုင်ငံအပေါ် တစ်ဖက်သတ် တစ်နိုင်ငံတည်း ပိတ်ဆို့မှုဟာ မှားယွင်းကြောင်း၊ အပြုသဘောဆောင်တဲ့ ဆက်ဆံရေးသည်သာ အပြောင်း အလဲကို ပေါ်ပေါက်စေနိုင်ကြောင်း၊ ရင်းနှီးမြှုပ်နှံမှု၊ ကူးလူးဆက်ဆံမှုတွေ ပြုနေပါမှ ပြုပြင်ရေးလုပ်လို့ ရနိုင်ကြောင်း" ပြောခဲ့ဖူးပါတယ်။

အမေရိကန် ဘုရှ်အစိုးရဟာ ကမ္ဘာမှာ ဒုတိယရေနံအထွက်ဆုံးဖြစ်တဲ့ အီရတ်နိုင်ငံကို လူအစုလိုက်အပြုံလိုက် သေစေနိုင်တဲ့ လက်နက်တွေရှိတယ်၊ အမေရိကန်တို့ လုံခြုံရေးအတွက် စိုးရိမ်ရတယ်ဆိုပြီး အင်အားသုံး ကျူးကျော်စစ်ပွဲ ဆင်နွှဲသိမ်းပိုက်ခဲ့ပါတယ်။ တကယ်တော့ ဒီအကြောင်းပြချက်ဟာ လုံးဝမမှန်ဘူးဆိုတာ ဘူးပေါ်သလို ပေါ်လာပြီဖြစ်ပါတယ်။ ဒါဟာလည်း လူ့အခွင့်ရေး၊ ဒီမိုကရေစီအရေး၊ အာဏာရှင်ဖြုတ်ချရေးတွေကို အကြောင်းပြပြီး သူတို့ကိုယ်ကျိုးအတွက် အင်အားသုံး ကျူးကျော်စစ်ဆင်နွှဲခဲ့တာသာ ဖြစ်ပါတယ်။ ဒီကနေ့ အီရတ်ပြည်သူတွေဟာ လောကငရဲဘုံကို ရောက်နေသလို ကြုံတွေ့နေရပါတယ်။ အလွန်ပင် စာနာထောက်ထားဖွယ်ကောင်းလှပါတယ်။

ဒါကြောင့် အမေရိကန်နိုင်ငံခြား ဆက်ဆံရေးဝါဒကို ခြုံငုံသုံးသပ်ကြည့်မယ်ဆိုရင်–

(၁) ပိတ်ဆို့ဖြုတ်တောက်ရေးမူဝါဒဟာ မှားယွင်းတဲ့ နိုင်ငံခြားဆက်ဆံရေးဝါဒတစ်ရပ်ဖြစ်တယ်။ ၂၁ ရာစု ကမ္ဘာ့ဈေးကွက်စနစ်ကြီး ပိုမိုအင်္ဂါစုံစွာ ဖြစ်ပေါ်ရေးအတွက် ဆူးငြောင့်ခလုတ်သဖွယ်သာ ဖြစ်တယ်။ လူ့အဖွဲ့အစည်းကို ဘေးသင့်ဝေဒနာ ပြွန်းတီးစေတဲ့ လမ်းစဉ်သာ ဖြစ်ပါတယ်။
(၂) လက်ရှိအမေရိကန်ဘုရှ်အစိုးရဟာ လူ့အခွင့်အရေး၊ ဒီမိုကရေစီရေး ထွန်းကားပျံ့နှံ့ရေးထက် အမေရိကန်ရဲ့ အကျိုးစီးပွားကို ဦးစားပေးနေတာဖြစ်တယ်။
(၃) အမေရိကန်ဟာ အာရှဒေသမှာ မဟာမိတ်တွေနဲ့ များစွာသဘောကွဲလွဲမှုမဖြစ်အောင် ရှောင်လွှဲမည်သာဖြစ်ပါတယ်။ ဒါဟာလည်း သူတို့အကျိုးအတွက်ဖြစ်ပါတယ်။

ဒီအပေါ်မှာ လေးနက်စွာ သဘောပေါက်ဆင်ခြင်သိမြင်ပြီး မြန်မာအမျိုးသား အင်အားစုချင်း သင့်မြတ်စည်းလုံးရေး၊ လူ့အဖွဲ့အစည်း ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီရေးကို မဖြစ်မနေ ကြိုးပမ်းသွားဖို့ ဖြစ်ပါတယ်။ နိုင်ငံတော်က ချမှတ်ထားတဲ့မူဝါဒလမ်းစဉ် (၇)ရပ်နဲ့အညီ ပြည်သူလူထုကြီးကို ရှေ့ဆောင်စည်းရုံးပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကို စည်းလုံးညီညွတ်စွာ ထူထောင်သွားဖို့ဖြစ်ပါတယ်။ အဲဒီလိုမဟုတ်ဘဲ နိုင်ငံခြားမျှော်စိတ်ကူးယဉ်ဒီမိုကရေစီလမ်းကို ရွေးချယ်နေမယ်ဆိုရင် ဗမာပြည် ကွန်မြူနစ်ပါတီလို အစွန်းရောက်ကျဆုံးမှုတွေသာ ကြုံရပါလိမ့်မယ်။ ဒါကြောင့် ဒီကနေ့ မြန်မာနိုင်ငံအပေါ် အမေရိကန်တို့ရဲ့ စီးပွားရေးပိတ်ဆို့အရေးယူမှု တိုးမြှင့်လိုက်တာဟာ မြန်မာပြည်သူ အကျိုးအတွက်မဟုတ်ဘဲ အမေရိကန်တို့ နာမည်ယူဝါဒဖြန့်ရေး၊ ဩဇာခံလုပ်ရေးအတွက်သာဖြစ်တယ် ဆိုတာကို အထူးတလည် တင်ပြလိုက်ရပါတယ်။ ။

လက်ရှိ အမေရိကန်ဘုရှ်အစိုးရဟာ လူ့အခွင့်အရေး၊ ဒီမိုကရေစီရေးထက် အမေရိကန်ရဲ့ အကျိုးစီးပွားကို ဦးစားပေးနေတာဖြစ်တယ်

ဝါဆိုသင်္ကန်းဆက်ကပ်ပွဲနှင့် ရေစက်ချအခမ်းအနားကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၁

ရန်ကုန်တိုင်း ဒဂုံမြို့သစ် (မြောက်ပိုင်း) (၁၆)ရပ်ကွက် သဲအင်းဂူတိုက်ခွဲ(၅) သာသနာ့ဒီပကမ္မဋ္ဌာန်း ကျောင်းတိုက်တွင် ဆောက်လုပ်ပြီးသွားသော မုခ်ဦး၊ မဟာရံတံတိုင်း၊ ကုဋီအိမ်နှင့် ရေချိုးခန်းအဆောက်အအုံများ ရေစက်ချအခမ်းအနားနှင့် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ၁၃၆၆ခုနှစ် ဒုတိယဝါဆိုလဆန်း ၈ ရက် မွန်းတည့် ၁၂ နာရီတွင် အဆိုပါ ကျောင်းတိုက်၌ ကျင်းပမည်ဖြစ်သည်။

ကျောင်းတိုက်တွင် ဝါတွင်းသုံးလပတ်လုံး လစဉ် (၁၀) ရက် တရားစခန်းတွင် မော်ဘီမြို့ (ပင်မ) သဲအင်းဂူကျောင်းတိုက်မှ တိုက်အုပ်ဆရာတော် ဘဒ္ဒန္တသောဘိတ (ဦးစလင်း) ဦးဆောင်သော ကမ္မဋ္ဌာနာစရိယ ဆရာတော်များက ဝိပဿနာအလုပ်ပေး တရားတော်များ ဟောကြားမည်ဖြစ်သည်။ **(က–ပ)**



စုပေါင်းစိုက်ပျိုး

ကြာအင်းဆိပ်ကြီးမြို့အဝင် စိုက်ပျိုးရေးလမ်းတစ်လျှောက် သာယာလှပရေးအတွက် လမ်းဘေးဝဲ/ယာ ပန်းအလှပင်များအား ဇွန် ၂၆ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးစံလွင်အေး ကြီးကြပ်၍ အဖွဲ့ဝန်ထမ်းများ စုပေါင်းစိုက်ပျိုးကြစဉ်။ (က–ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၂–၇–၂၀၀၄ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ မျိုးချစ်တပ်မတော်
၇:၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈:၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၀	၃။ မျိုးချစ်တပ်မတော်
၄:၂၀	၄။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၄:၂၅	၅။ မြန်မာသံစဉ်ချိုနားဝင်
၄:၃၅	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၄:၄၅	၇။ ရွှင်ကြည်ပြုံးစရာ တေးကဗျာ
၄:၅၅	၈။ မျိုးချစ်တပ်မတော်
၅:၀၅	၉။ **အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်** -Country Profile of Myanmar Naing Ngan (ပထမနှစ်–ဥပဒေပညာအထူးပြု)
၅:၃၅	၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
၅:၄၅	၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၃။ နိုင်ငံတကာသတင်း
၆:၂၀	၁၄။ မိုးလေဝသသတင်း
၆:၂၅	၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀	၁၆။ မြန်မာ့ရှုခင်း
၆:၄၀	၁၇။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၈။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ရတနာရွှေအိုး" (အပိုင်း–၁၇)**
၈:၀၀	၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
	၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၂၁။ လျှပ်တစ်ပြက်ရိုက်ချက်
	၂၂။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
	၂၃။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ပြည်သူ့တရားရှင်၊ အယောင်ဆောင်စွမ်းအားရှင် (အပိုင်း–၂)**
	၂၅။ သင့်အတွက်မနက်ဖြန်
	၂၆။ အပိတ်နှုတ်ဆက်စကား
	၂၇။ ပြီးပါပြီ။

အီရတ်ကိုတိုက်ခိုက်မှု ဥပဒေနှင့်မညီညွတ်ဟုနိုင်ငံတကာတရားရုံး ဆုံးဖြတ်နိုင် ဗြိတိသျှ ရှေ့နေချုပ်၏ သတိပေးချက် အစိုးရက ယခုတိုင် ငြင်းဆိုလျက်ရှိ

လန်ဒန် ဇူလိုင် ၂၀

အီရတ်နိုင်ငံအား ဗြိတိန်က ကျူးကျော်တိုက်ခိုက်ခြင်းမှာ တရားဥပဒေနှင့် မညီညွတ်ကြောင်း နိုင်ငံတကာတရားရုံးက ဆုံးဖြတ်နိုင်သည်ဟု အီရတ်စစ်ပွဲမတိုင်မီကပင် ဗြိတိသျှရှေ့နေချုပ် လော့ဒ်ဂိုးစမစ်က ဝန်ကြီးချုပ် တိုနီဘလဲအား သတိပေးခဲ့ကြောင်း အင်ဒီပင်းဒင့်သတင်းစာက တနင်္ဂနွေနေ့တွင် ဖော်ပြသည်။

ဇူလိုင် ၁၇ ရက်က အီရတ် တရားရေးဝန်ကြီး၏ ယာဉ်တန်းကို ကားဗုံးဖောက်ခွဲရာ နေရာ၌ လုံခြုံရေး စောင့်ကြပ်နေသည့် အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

သတိပေး

အမေရိကန်နှင့် ဗြိတိန်တို့ အီရတ်အား စစ်ဆင်တိုက်ခိုက်ခြင်း မပြုမီ ရက်သတ္တနှစ်ပတ်ခန့်အလို လွန်ခဲ့သည့်နှစ် မတ် ၇ ရက်က ရှေ့နေချုပ် လော့ဒ်ဂိုးစမစ်က သတိပေးလိုက်ခြင်းဖြစ်ပြီး ထိုသတိပေးမှုများကို ယခုအထိ ထုတ်ပြန်ကြေညာခြင်းမရှိဟု သတင်းစာက ဖော်ပြထားသည်။

တိုက်တွန်း

ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ခွင့်ပြုချက်မရဘဲ အီရတ်ကိုတိုက်ခိုက်ခြင်းမှာ တရားမျှတမှု မရှိဟု နိုင်ငံတကာတရားရုံးက ဆုံးဖြတ်မည်ကို စိုးရိမ်သည့်အတွက် လိုအပ်လျှင် အစိုးရဘက်မှ ကူညီရပ်တည်နိုင်ရန် ပြင်ဆင်ထားကြရန် ရှေ့နေချုပ် လော့ဒ်ဂိုးစမစ်က ထိပ်တန်းရှေ့နေ များနှင့် နိုင်ငံတကာ ဥပဒေ ကျွမ်းကျင်သူများကို တိုက်တွန်းခဲ့သည်ဟုလည်း တရားရေး သတင်းရပ်ကွက်က ပြောဆိုသည်။

ငြင်းဆို

အီရတ်စစ်ပွဲမတိုင်မီက ဗြိတိသျှအစိုးရကို ပေးခဲ့သော ရှေ့နေချုပ် လော့ဒ်ဂိုးစမစ်၏ ဥပဒေရေးရာ အကြံပြုချက်ကို ထုတ်ပြန်ကြေညာရန် ဗြိတိသျှအစိုးရက ယခုတိုင်ငြင်းဆိုလျက်ရှိသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဗြိတိသျှ ရဟတ်ယာဉ်တစ်စင်း ပျက်ကျ ရဟတ်ယာဉ်ဝန်ထမ်းတစ်ဦး သေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိ

လန်ဒန် ဇူလိုင် ၂၀

ဗြိတိသျှ စစ်ဘက်ရဟတ်ယာဉ်တစ်စင်း အီရတ်နိုင်ငံ တောင်ပိုင်းဒေသရှိ ဘာဆာရာမြို့တွင် ပျက်ကျသွားရာ ရဟတ်ယာဉ် ဝန်ထမ်းတစ်ဦး သေဆုံးပြီး အခြားနှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ကာကွယ်ရေးဌာနက တနင်္လာနေ့က ပြောကြားလိုက်သည်။

စုံစမ်းစစ်ဆေးနေ

ယင်းရဟတ်ယာဉ်မှာ ပူးမားအမည်ရှိ ရဟတ်ယာဉ်ဖြစ်ပြီး အင်ဂျင်စက်နှစ်လုံးတပ် အထောက်အကူပြု ရဟတ်ယာဉ်ဖြစ်ကြောင်း၊ ၎င်းရဟတ်ယာဉ်က တပ်ဖွဲ့ဝင် ၂၀အထိ တင်ဆောင်နိုင်စွမ်းရှိကာ ပျက်ကျရခြင်း၏ အကြောင်းရင်းကို သိရှိနိုင်ရန် စုံစမ်းစစ်ဆေးမှု စတင်ပြုလုပ်နေပြီဖြစ်ကြောင်း ဖော်ပြပါဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

ပျက်ကျ

အဆိုပါ ရဟတ်ယာဉ်သည် မစ်ရှင်ခရီးစဉ်လုပ်ငန်း တနင်္လာနေ့နံနက်က လုပ်ဆောင်ရာမှအပြန် ဘာဆာရာမြို့နိုင်ငံတကာလေဆိပ်တွင် ပျက်ကျခြင်း ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်ရဲအရာရှိတစ်ဦး တိုက်ခိုက်ခံရ၍သေဆုံး

ဘဂ္ဂဒက် ဇူလိုင် ၂၀

ရဲအရာရှိတစ်ဦးသည် ပြီးခဲ့သော စနေနေ့တွင်အိမ်မှ အလုပ်ရှိရာသို့ ကားမောင်းသွားစဉ် သေနတ်သမားများ၏ အလစ်အတိုက်ခံရသဖြင့် သေဆုံးသွားကြောင်း ရဲတပ်ဖွဲ့မှ လာသောသတင်းများအရသိရသည်။

သေဆုံးသွားသူမှာ ဘဂ္ဂဒက်မြို့ တောင်ဘက်ရှိအစ္စကန်ဒရီးယားမြို့၏ အကြီးအကဲ ဒုတိယရဲမှူးကြီးရာဟမ်း အလီဖြစ်သည်။ ၎င်း၏ကား နံနက် ၉နာရီခန့်တွင် အတိုက်ခိုက်ခံရရာ နေရာတွင်ပင် သေဆုံးသွားခြင်း ဖြစ်ကြောင်း ရဲအရာရှိ အလီအိုဘိဒ်က ပြောကြားသည်။

အီရတ် ခုခံတိုက်ခိုက်ရေးသမားများသည် ရဲများကို အမေရိကန်များနှင့် ပူးပေါင်းသူများအဖြစ် ရှုမြင်ထားကြသည့်အတွက် ပစ်မှတ်အဖြစ် သဘောထားပြီး တိုက်ခိုက်နေကြခြင်းဖြစ်သည်။ ပြီးခဲ့သော ဖေဖော်ဝါရီလ အတွင်းကလည်း အစ္စကန်ဒရီးယားမြို့ ရဲစခန်းအပြင်ဘက်တွင် ကားဗုံးထောင်ပြီး တိုက်ခိုက်ခဲ့သည့်အတွက် လူ ၅၃ဦး သေဆုံးခဲ့ရသည်။

အင်တာနက်။

အမေရိကန်လေတပ် ဖော်လူဂျာမြို့ကို လေကြောင်းမှတိုက်ခိုက် အပြစ်မဲ့ပြည်သူ ၁၄ဦး သေဆုံး

ဘဂ္ဂဒက် ဇူလိုင် ၂၀

အီရတ်နိုင်ငံ ဖော်လူဂျာမြို့သည် မငြိမ်မသက်ဖြစ်နေသော မြို့တစ်မြို့ဖြစ်သည်။ ထိုမြို့ရှိ အိမ်တစ်အိမ်တွင် လက်နက်ကိုင်များ ခိုအောင်းနေသည်ဟု မသင်္ကာသောကြောင့် အမေရိကန်တို့က တနင်္ဂနွေနေ့တွင် လေကြောင်းမှ တိုက်ခိုက်ခဲ့ရာ လူ ၁၄ ဦး သေဆုံးသွားကြောင်း သိရသည်။ ထိုသို့တိုက်ခိုက်ရန် အီရတ်ကြားဖြတ်အစိုးရက ခွင့်ပြုခဲ့ခြင်းဖြစ်ကြောင်း အမေရိကန်အထက်တန်းအရာရှိများက ဆိုသည်။

ယခုနောက်ဆုံးအကြိမ်လေကြောင်းမှတိုက်ခိုက်မှုသည် အီရတ်သို့ရောက်နေသည်ဆိုသောအကြမ်းဖက်ခေါင်းဆောင် အဘူမူဆာအလ်ဇာကာဝီကို ရည်ရွယ်တိုက်ခိုက်ခြင်းဖြစ်ကြောင်း အမေရိကန် ဒုတိယကာကွယ်ရေးဝန်ကြီး ရစ်ချတ် အာမစ်တေ့ချ်က ပြောကြားသည်။ ထိုတိုက်ခိုက်မှုကိုလည်း အီရတ်ခေါင်းဆောင်များက သဘောတူခွင့်ပြုခဲ့ကြောင်း ၎င်းက ဆိုသည်။

ကျွန်ုပ်တို့သည် အီရတ်အစိုးရနှင့် လက်တွဲဆောင်ရွက်ခဲ့သည်။ ယခုကဲ့သို့ တိုက်ခိုက်မည့် အကြောင်းကိုလည်း အီရတ် အစိုးရထံသို့ လုံးလုံးလျားလျား အသိပေးခဲ့ပြီး အီရတ်အစိုးရ၏ ခွင့်ပြုချက်ကိုလည်း ရရှိခဲ့ကြောင်း အာမစ်တေ့ချ်က ပြောကြားသည်။ အမေရိကန်တို့က အုပ်ချုပ်ခွင့်အာဏာကို အီရတ် ကြားဖြတ်အစိုးရလက်သို့ ဇွန်လ ၂၈ ရက်တွင် လွှဲအပ်ပေးခဲ့သည်။

အမေရိကန်တို့သည် ယခုတိုက်ခိုက်မှုကို မိမိသဘော မိမိဆန္ဒဖြင့် ပြုလုပ်ခဲ့ခြင်းမဟုတ်၊ အီရတ်ကြားဖြတ် အစိုးရ၏ သဘောတူညီခွင့်ပြုမှုကို ရယူပြီးမှ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ၎င်းက ပြောကြားသွားသည်။

ဇူလိုင်လ ၁၉ ရက်မှစ၍ ရေတွက်လျှင် တနင်္ဂနွေနေ့က ပြုလုပ်သော တိုက်ခိုက်မှုမှာ ဇာကာဝီ ခိုအောင်းရာကို တိုက်ခိုက်မှုများတွင် ခြောက်ကြိမ်မြောက် ပြုလုပ်သော တိုက်ခိုက်မှုပင်ဖြစ်သည်ဟု ဆိုသည်။

အီရတ်တွင် ဖြစ်ပွားသော ခုခံတိုက်ခိုက်မှုများအနက် အနည်းဆုံး ၂၅ကြိမ်မှာ ဇာကာဝီနှင့် ပတ်သက်နေသော တိုက်ခိုက်မှုများဖြစ်သည်။ ပြီးခဲ့သောစနေနေ့က အီရတ် တရားရေးဝန်ကြီး မာလိတ်ဒိုဟန်အယ်လ်ဟာဆန်ကို လုပ်ကြံသော မအောင်မြင်သည့် တိုက်ခိုက်မှုဖြစ်ပွားခဲ့သည်။ ထိုဖြစ်ရပ်တွင် ငါးဦး သေဆုံးသွားခဲ့သည်။ အဆိုပါကိစ္စတွင်၎င်းတွင်တာဝန်ရှိသည်ဟု ဇာကာဝီကကြေညာခဲ့သည်။

အမေရိကန်တို့၏ တိုက်ခိုက်မှုသည် ခုခံရေးသမားများကို ရည်ရွယ်တိုက်ခိုက်ခြင်းဖြစ်သည်ဟု အမေရိကန် ဗိုလ်မှူးချုပ် အမ်လက်ဆဲလ်ကပြောကြားသည်။ တိုက်ခိုက်မှုဖြစ်ပွားချိန်တွင် အဆိုပါနေရာ၌ ခုခံတိုက်ခိုက်ရေးသမားပေါင်း ၂၅ဦးရှိနေသည်ကို အီရတ်နှင့် ညွှန့်ပေါင်းထောက်လှမ်းရေးအသိုင်းအဝိုင်းထံမှ သိရသည်ဟု ဆိုသည်။

တနင်္ဂနွေနေ့ နံနက် ၂နာရီအချိန်တွင် ပေါက်ကွဲမှုကြီး ဖြစ်ပွားခဲ့သောကြောင့် တစ်မြို့လုံးမှာ တုန်လှုပ်သွားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ဇူလိုင် ၁၇ ရက်က အီရတ်နိုင်ငံ မာမူဒီယာမြို့တွင် ကားဗုံးပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိခဲ့သည့် အီရတ်တစ်ဦးကို မိတ်ဆွေတစ်ဦးက အားပေးနှစ်သိမ့်စဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်၌သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင် ၉၀၀ရှိပြီ

ဘဂ္ဂဒက် ဇူလိုင် ၂၁

အီရတ်စစ်ပွဲ ၂၀၀၃ခုနှစ် မတ်လတွင် စတင်ကတည်းက အမေရိကန်တပ်ဖွဲ့ဝင် ၉၀၀မြောက်အဖြစ် အမှတ်(၁) ခြေလျင်တပ်မမှ တပ်ဖွဲ့ဝင်တစ်ဦး ဗုဒ္ဓဟူးနေ့က သေဆုံးသွားသည်။ ဘဂ္ဂဒက်မြောက်ဘက် ၄၅မိုင်အကွာ ဒူလူယာ၌ ဘရက်ဒ်လီတိုက်ခိုက်ရေးယာဉ်ဖြင့် ကင်းလှည့်စဉ် ဗုံးခွဲခံရပြီး သေဆုံးခြင်းဖြစ်သည်။

အမေရိကန် မရိန်းတပ်ဖွဲ့ဝင်နှစ်ဦးမှာ လုံခြုံရေးစစ်ဆင်စဉ် သီးခြားဖြစ်စဉ်အတွင်း အင်္ဂါနေ့က သေဆုံးသည်။ တနင်္လာနေ့က အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး တိုက်ပွဲတွင်သေဆုံးပြီး၊ နောက်တစ်ဦးမှာ ရရှိသောဒဏ်ရာဖြင့် ထိုနေ့၌ပင် သေဆုံးသည်။ အဆိုပါ အမေရိကန်တပ်ဖွဲ့ဝင်ငါးဦး မသေဆုံးမီက အီရတ်နိုင်ငံ၌ သေဆုံးသူ အမေရိကန်တပ်ဖွဲ့ဝင်ပေါင်း ၈၉၅ဦးရှိကြောင်း အမေရိကန်စစ်ဌာနချုပ်၏ တရားဝင်အသေအပျောက်စာရင်းတွင် ဖော်ပြထားသည်။

အာရပ်နှင့် အစ္စလမ်မစ်အစိုးရများအနေဖြင့် အီရတ်သို့ တပ်ဖွဲ့ဝင်များမစေလွှတ်ရန် ပြောက်ကျားများက ကွန်ပျူတာ အင်တာနက်မှတစ်ဆင့် တိုက်တွန်းထားသည်။

အင်တာနက်။

မြန်မာနိုင်ငံ ကွန်ပျူတာပညာဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် e-Government နှင့် ပတ်သက်သည့်လုပ်ငန်းများ ရှင်းလင်းတင်ပြပွဲ တက်ရောက်၍ လိုအပ်သည်များမှာကြား

ရန်ကုန် ဇူလိုင် ၂၁

e-Government **လုပ်ငန်းအကောင်အထည်ဖော်ရေးကော်မတီ၏** e-Government **နှင့် ပတ်သက်သည့်လုပ်ငန်းများ ရှင်းလင်းတင်ပြပွဲအခမ်းအနားကို ယနေ့ညနေ ၅နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဖေယျာသီရိဗိမာန် အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ ကွန်ပျူတာပညာဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ လိုအပ်သည်များကို မှာကြားသည်။** (အပေါ်ပုံ)

တက်ရောက်

ရှင်းလင်းတင်ပြပွဲအခမ်းအနားသို့ မြန်မာနိုင်ငံ ကွန်ပျူတာပညာ ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ MICT DC ဒါရိုက်တာအဖွဲ့ဝင်များ၊ e-National Task Force မှ အဖွဲ့ဝင်များ၊ e-Governmentလုပ်ငန်း အကောင်အထည်ဖော်ရေးကော်မတီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်၊ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းနှင့် မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်းတို့မှ တာဝန်ရှိသူများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် အခမ်းအနားမှူးအဖြစ် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးကြီးတင်ဦးက ဆောင်ရွက်သည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ e-Government လုပ်ငန်းအကောင်အထည်ဖော်ရေးကော်မတီဥက္ကဋ္ဌ၊ e-National Task Force ဥက္ကဋ္ဌ၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က e-Government လုပ်ငန်းအကောင်အထည်ဖော်ရေးကော်မတီ ဖွဲ့စည်းမှုအခြေအနေ၊ e-Governmentဆွေးနွေးပွဲများနှင့် သင်တန်းများဖွင့်လှစ်ခဲ့မှုအခြေအနေ၊ ဝန်ကြီးဌာနများမှ သင်တန်းတက်ရောက်ပြီးစီးမှုအခြေအနေ၊ e - Government လုပ်ငန်းများ အကောင်အထည်ဖော်ရေး အဓိကလုပ်ငန်းစဉ်များနှင့် e - Government တည်ဆောက်ရေး လုပ်ငန်းအခြေအနေများကို ပဏာမရှင်းလင်းတင်ပြသည်။

ဆက်လက်၍ e- Government လုပ်ငန်း အကောင်အထည်ဖော်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးချုပ်သိန်းဆွေက မြန်မာနိုင်ငံ၏ e-Government လက်ရှိဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးတင်ဝင်းအောင်က e-Government နှင့် ပတ်သက်၍ လက်ရှိအခြေအနေတွင် ဝန်ကြီးချုပ်ရုံးနှင့် ဝန်ကြီးဌာနများ၌ ဆောင်ရွက်လျက်ရှိသည့် G-MIS (Government Management Information System) နှင့် e- Procurement လုပ်ငန်းအခြေအနေများကိုလည်းကောင်း၊ e- National Task Force တွဲဖက်အတွင်းရေးမှူး ဦးပြုံးမောင်မောင်က Online Security နှင့် ပတ်သက်၍ မြန်မာနိုင်ငံ၌ ဆောင်ရွက်လျက်ရှိသည့် Certification Authority နှင့် Myanmar Electronic Trust ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ပြန်လည်ဆွေးနွေး

ယင်းနောက် တက်ရောက်လာကြသော ဝန်ကြီးများနှင့် တာဝန်ရှိပုဂ္ဂိုလ်များက e- Government လုပ်ငန်းများနှင့် ပတ်သက်၍ ပြန်လည်ဆွေးနွေးကြသည်။

ထို့နောက် မြန်မာနိုင်ငံ ကွန်ပျူတာပညာ ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို မှာကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

e-Government **လုပ်ငန်းအကောင်အထည်ဖော်ရေးကော်မတီ ဥက္ကဋ္ဌ၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်** e-Government **စီမံချက်နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။** (သတင်းစဉ်)

e-Government **လုပ်ငန်းအကောင်အထည်ဖော်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးချုပ်သိန်းဆွေ** e-Government **လုပ်ငန်းအစီအစဉ်များ ရှင်းလင်းတင်ပြစဉ်။** (သတင်းစဉ်)

မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးတင်ဝင်းအောင် ဆောင်ရွက်လျက်ရှိသည့် G-MIS **နှင့်** e-Procurement **လုပ်ငန်းအခြေအနေများ ရှင်းလင်းတင်ပြစဉ်။** (သတင်းစဉ်)

e-National Task Force **တွဲဖက်အတွင်းရေးမှူး ဦးပြုံးမောင်မောင်** Online Security **နှင့် ပတ်သက်၍ ဆောင်ရွက်မှုအခြေအနေများ ရှင်းလင်းတင်ပြစဉ်။** (သတင်းစဉ်)

ကာကွယ်ရေး ဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်းဘောလုံးပြိုင်ပွဲ မိတ္ထီလာ၌ကျင်းပ

ရန်ကုန် ဇူလိုင် ၂၁

ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်းဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဇူလိုင်၂၀ရက် ညနေ ၃နာရီခွဲတွင် မိတ္ထီလာမြို့ မြေပြင်အတတ်သင်လေတပ်စခန်း စခန်းဘောလုံးကွင်း၌ကျင်းပရာ အမှတ်(၉၉) ခြေမြန်တပ်မဌာနချုပ် တပ်မမှူး ဗိုလ်မှူးကြီးတင်ဦးလွင်၊ လေကြောင်းအတတ်သင် လေတပ်စခန်း လေတပ်စခန်းမှူး၊ မြေပြင်အတတ်သင်လေတပ်စခန်း လေတပ်စခန်းမှူး၊ တပ်မတော်အရာရှိကြီးများ၊ ဖိတ်ကြားထားသူများနှင့် တပ်နယ်မှ အရာရှိ စစ်သည် မိသားစုဝင်များ တက်ရောက်ကြသည်။

ဖွင့်လှစ်ပေး

အခမ်းအနားတွင် ကာကွယ်ရေးဦးစီးချုပ်(လေ) ကိုယ်စား မြေပြင်အတတ်သင်လေတပ်စခန်း လေတပ်စခန်းမှူး ဗိုလ်မှူးကြီးသူရခင်မောင်ဝင်းက အမှာစကားပြောကြားပြီး ပြိုင်ပွဲကိုဖွင့်လှစ်ပေးသည်။

ယင်းနောက် ပြိုင်ပွဲဖွင့်ပွဲအဖြစ် မြေပြင်အတတ်သင် လေတပ်စခန်းအသင်းနှင့် လေကြောင်းအတတ်သင်လေတပ်စခန်းအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တက်ရောက်လာကြသူများက ကြည့်ရှုအားပေးကြသည်။ (သတင်းစဉ်)

စီးပွားရေးလုပ်ငန်းဆိုင်ရာ ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၁

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စီးပွားရေးလုပ်ငန်းအဖွဲ့က စီးပွားရေးလုပ်ငန်းဆိုင်ရာဟောပြောပွဲကို ဇူလိုင် ၂၅ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းဗဟိုဌာန (IBC) ၌ ကျင်းပမည်ဖြစ်ပြီး ဦးမြတ်သိန်း (ပါမောက္ခချုပ်-ငြိမ်း) စီးပွားရေးတက္ကသိုလ်က မြန်မာမက္ကရိုစီးပွားရေးပတ်ဝန်းကျင်အကြောင်းကို လည်းကောင်း၊ ဒေါက်တာ ဒေါ်ခင်စန်းရီ (ပါမောက္ခ) စီမံခန့်ခွဲမှုပညာဌာန၊ စီးပွားရေးတက္ကသိုလ်က စီးပွားရေး လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့် စွန့်ထွင်ဦးစီးမှုအကြောင်းကိုလည်းကောင်း ဟောပြောကြမည်ဖြစ်ရာ စိတ်ပါဝင်စားသူများ တက်ရောက်လေ့လာနိုင်ကြောင်းနှင့် အသေးစိတ်သိလိုပါက ဖုန်း-၅၃၉၄၃၇နှင့် ၅၁၃၁၁၂တို့တွင် စုံစမ်းနိုင်သည်။ (ကြေးမုံ)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ ဇူလိုင် ၁၅ရက်က ရှန်ဟိုင်းမြို့ရှိ Shanghai Urban Planning Exhibition Centre **၌ ရှန်ဟိုင်းမြို့ အဆင့်ဆင့်တိုးတက်လာမှု သမိုင်းဝင် မှတ်တမ်းဓာတ်ပုံများနှင့် ၂၀၂၀ပြည့်နှစ်တွင် ရှန်ဟိုင်းမြို့၌ ပေါ်ထွန်းလာမည့် မြို့ပြအခြေအနေများကို ကြည့်ရှုလေ့လာကြစဉ်။** (သတင်းစဉ်)

မြန်မာနိုင်ငံတွင် သီးသန့်စက်မှုဇုန်များ ဖော်ထုတ်မည်ဖြစ်ရာ လာရောက်လုပ်ကိုင်ကြရန် ဖိတ်ခေါ်

❋ **ရှေ့ဖုံးမှ**

လုပ်ကိုင်နေသော အဆင့်မြင့်နည်းပညာ၊ အတတ်ပညာတို့ဖြင့် ကုန်ပစ္စည်းထုတ်လုပ်မှု၊ သုတေသနလုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများ၊ ပြည်တွင်း/ပြည်ပ ကုမ္ပဏီများ၏ ရင်းနှီးမြှုပ်နှံမှု၊ စက်မှုဇုန် ဖွံ့ဖြိုးရေးအတွက် အခြေခံအဆောက်အအုံများ အဓိကထား ဆောင်ရွက်ပေးနေမှု၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ လူမှုရေး၊ ယဉ်ကျေးမှုကဏ္ဍများ ဟန်ချက်ညီညီ ဖွံ့ဖြိုးလာအောင် ဆောင်ရွက်ပေးနေမှုတို့ကို ရှင်းလင်းတင်ပြသည်။

ပါဝင်ဆောင်ရွက်ရန်ဖိတ်ခေါ်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က Pudong စက်မှုဇုန်ဒေသ၏ ဖွံ့ဖြိုးတိုးတက်နေမှုကို ပြည့်ပြည့်စုံစုံ ရှင်းလင်းပြောကြားသည့်အတွက် ကျေးဇူးတင်ကြောင်း၊ ဒေသပတ်ဝန်းကျင်ရှိ အဆောက်အအုံများကို မြင်တွေ့ရခြင်းဖြင့် ဒေသဖွံ့ဖြိုးတိုးတက်မှုမှာ သိသာထင်ရှားကြောင်း၊ မိမိ၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်အတွင်း တရုတ်နိုင်ငံ ခေါင်းဆောင်ကြီးများနှင့် တွေ့ဆုံ၍ ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ရေးတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း၊ တရုတ်-မြန်မာ ပူးပေါင်းဆောင်ရွက်မှုကဏ္ဍများတွင် ရှန်ဟိုင်းဒေသမှ ပါဝင်ဆောင်ရွက်ရန် ဖိတ်ခေါ်ပါကြောင်း၊ မြန်မာနှင့် တရုတ်နိုင်ငံတို့သည် လယ်ယာကဏ္ဍ၊ စက်မှုကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ လျှပ်စစ်ကဏ္ဍ စသည့် ကဏ္ဍစုံတို့တွင် တိုးမြှင့်ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးသဘောတူခဲ့ကြကြောင်း၊ မြန်မာနိုင်ငံတွင်လည်း သီးသန့်စက်မှုဇုန်များ ဖော်ထုတ်မည်ဖြစ်ရာ Pudong စက်မှုဇုန်မှ လုပ်ငန်းရှင်များ၊ စိတ်ပါဝင်စားသူများအား လာရောက်လုပ်ကိုင်ကြရန် ဖိတ်ခေါ်ပါကြောင်းဖြင့်ပြောကြားသည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ✡

မြန်မာနှင့် တရုတ်နိုင်ငံတို့ လယ်ယာကဏ္ဍ၊ စက်မှုကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ လျှပ်စစ်ကဏ္ဍ စသည့်ကဏ္ဍစုံတို့တွင် တိုးမြှင့်ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးသဘောတူခဲ့။

နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် အဖွဲ့ဝင်များအား ဇူလိုင် ၁၅ ရက်က Alcatel Shanghai Bell Co., Ltd. **ညွှန်ကြားရေးမှူး** Mr. Gu Xiaodong **က** Alcatel Shanghai Bell Co., Ltd. **က ထုတ်လုပ်လျက်ရှိသည့် ဆက်သွယ်ရေးဆိုင်ရာခေတ်မီအီလက်ထရောနစ်ပစ္စည်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။** (သတင်းစဉ်)

ရှင်းလင်းတင်ပြ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များအား ဇူလိုင် ၁၅ ရက်က စက်မှုဇုန်ခန်းမ၌ Shanghai Pudong New Area People's Government, Vice Mayor, Mr. Endi Zhang **က** Pudong **စက်မှုဇုန်၏ လုပ်ငန်းများကို ရှင်းလင်းတင်ပြစဉ်။** (သတင်းစဉ်)

22-7)km.P65 6 22/7/04, 2:08 AM

ခရီးစဉ်အတွင်း ပေကျင်းမြို့၌ နှစ်နိုင်ငံအကြား သဘောတူစာချုပ်၊ နားလည်မှုစာချွန်လွှာနှင့် အပြန်အလှန်လဲလှယ်မှုစာလွှာ စုစုပေါင်း ၁၁ခုတို့ကို လက်မှတ်ရေးထိုးနိုင်ခဲ့

✡ **စာမျက်နှာ ၆ မှ**

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် Alcatel Shanghai Bell Co., Ltd သို့ရောက်ရှိကြရာ Executive Vice-President, Mr. Chen Wei Dong နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ရှင်းလင်းခန်းမ၌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များအား Executive Vice-President, Mr. Chen Wei Dong က Alcatel Shanghai Bell Co.,Ltd အနေဖြင့် တရုတ်ဆက်သွယ်ရေး နည်းပညာအလုပ်ရုံများ နိုင်ငံအသီးသီး၌ ဖွင့်လှစ်လုပ်ကိုင်နေမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူး Mr.Gu Xiaodong က Alcatel Shanghai Bell Co., Ltd က ထုတ်လုပ်လျက်ရှိသည့် ဆက်သွယ်ရေးဆိုင်ရာ ခေတ်မီ အီလက်ထရောနစ် ပစ္စည်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ကုမ္ပဏီမှထုတ်လုပ်သည့် 3G. Mobile Phone များဖြင့် စမ်းသပ်ဆက်သွယ် ပြောဆိုကြသည်။

လက်မှတ်ရေးထိုး

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် Lujiazui Central Green ဥယျာဉ်ရှိ ပြတိုက်သို့ ရောက်ရှိကြရာ Lujiazui Finance and Trade Zone Development Company, Deputy General Manager, Mr.Shun Xiang Xu က Shanghai Lujiazui Centre Financial District Planning ပုံစံငယ်ဖြင့် မြို့ပြတည်ဆောက်ရေး လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ပြတိုက်အတွင်း ခင်းကျင်းပြသထားမှုကို ကြည့်ရှုကြသည်။

စုပေါင်းဓာတ်ပုံရိုက်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် Lujiazui Central Green ဥယျာဉ်အတွင်း လှည့်လည်ကြည့်ရှုကြပြီး စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ထိုမှတစ်ဆင့် မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ် အဖွဲ့ဝင်များသည် Jin Jiang Tower ဟိုတယ်သို့ ပြန်လည်ရောက်ရှိကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မွန်းလွဲ ၂နာရီခွဲတွင် ရှန်ဟိုင်းမြို့ရှိ Shanghai Urban Planning Exhibition Centre သို့ ရောက်ရှိကြရာ Urban Planning Exhibition Centre အကြီးအကဲ Mr. Qiuxing Ao နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှင်းလင်းပြသ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ရှန်ဟိုင်းဒေသရှိ ထင်ရှားသော အဆောက်အအုံများ၏ နမူနာပုံစံ၊ ရှန်ဟိုင်းမြို့ အဆင့်ဆင့် တိုးတက်လာမှု သမိုင်းဝင်မှတ်တမ်းဓာတ်ပုံများ၊ လက်ရှိ ရှန်ဟိုင်းမြို့ အဆောက်အအုံများ၏ အကွက်ချပုံစံနှင့် ၂၀၂၀ပြည့်နှစ်တွင် ရှန်ဟိုင်းမြို့၌ ပေါ်ထွန်းလာမည့် အခြေအနေပြ ဖောင်းကြွပုံစံ၊ အနာဂတ်တွင် ဖြစ်ထွန်းလာမည့် ရှန်ဟိုင်းလေဆိပ် ပုံစံငယ်၊ ရှန်ဟိုင်း ရေနက်ဆိပ်ကမ်း လုပ်ငန်း၊ မြူနီစီပယ်ဌာနမှ အသုံးပြု ပစ္စည်းများ၊ ရှန်ဟိုင်းမြို့ ဆက်သွယ်ရေးလုပ်ငန်း တိုးတက်နေမှုဖော်ပြသည့် ကားချပ်များ၊ ဖွံ့ဖြိုးလာမည့် Pudong စက်မှုဇုန် အဆောက်အအုံများ၏ အကွက်ချပုံစံငယ်၊ တစ်နာရီလျှင် ကီလိုမီတာ ၄၀၀ အမြန်နှုန်းပြေးနိုင်သည့် မြေအောက်လျှပ်စစ်ရထား ပုံစံငယ်တို့ကို ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ရှေးဟောင်းရှန်ဟိုင်းမြို့ ပုံစံဖြင့် ဖွင့်လှစ်ထားသော စားသောက်ဆိုင်များ၊ ပစ္စည်းအရောင်းဆိုင်များကို ကြည့်ရှုလေ့လာကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် Yuyuan Garden သို့ သွားရောက်၍ ဆိုင်များ၏ ရောင်းချမှုအခြေအနေကို ကြည့်ရှုလေ့လာကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် Yu Garden သို့ ရောက်ရှိကြပြီး ရှေးတရုတ် မင်းမှုထမ်း အမတ်ကြီးတစ်ဦး တည်ဆောက်အသုံးပြုခဲ့သည့် ရှေးဟောင်း အဆောက်အအုံများ၊ ကျောက်သားဥယျာဉ်၊ ရှေးဟောင်း အနုပညာလက်ရာပစ္စည်းများ၊ အသုံးအဆောင်ပစ္စည်းများကို ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ထိုမှတစ်ဆင့် မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ် အဖွဲ့ဝင်များသည် ရှန်ဟိုင်းမြို့ Jin Jiang Tower Hotel သို့ ပြန်လည်ရောက်ရှိကြသည်။

တွေ့ဆုံနှုတ်ဆက်

ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်သည် ရှန်ဟိုင်းမြို့ မြို့တော်ဝန် Mr. Han Zheng အား ရှန်ဟိုင်းမြို့ Jin Jiang Grand Hall ဧည့်ခန်းမ၌ တွေ့ဆုံနှုတ်ဆက်သည်။

ထိုသို့ တွေ့ဆုံနှုတ်ဆက်ရာသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ အစိုးရအဖွဲ့–အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်၊ ဝန်ကြီးချုပ်ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ရှန်ဟိုင်း ဒုတိယမြို့တော်ဝန် Mr. Tang Dong Jie၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လီကျင်ကျွမ်းနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

တွေ့ဆုံပွဲတွင် ရှေးဦးစွာ ရှန်ဟိုင်းမြို့ မြို့တော်ဝန် Mr. Han Zheng က ရှန်ဟိုင်းမြို့မှာ တရုတ်ပြည်၏ ဆိပ်ကမ်းမြို့ကြီးဖြစ်သည့်အပြင် စီးပွားရေး ဖွံ့ဖြိုးမှုမှာလည်း အရေးပါကြောင်း၊ ပြီးခဲ့သည့် ၁၅နှစ်အတွင်း စီးပွားရေး မြင့်တက်လာသကဲ့သို့ ပြည်သူများ၏ လူနေမှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ရှန်ဟိုင်းမြို့ ဖွံ့ဖြိုးတိုးတက်မှုမှာ တစ်နေ့တခြား အလွန်မြန်ဆန်သည်ဟု ကြားသိရသဖြင့် ယခုကဲ့သို့ လာရောက်လေ့လာခြင်းဖြစ်ကြောင်း။

ယခု ခရီးစဉ်အတွင်း ပေကျင်းမြို့၌ မိမိနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ Mr. Hu Jintao၊ ဝန်ကြီးချုပ် Mr. Wen Jiabao၊ တရုတ်ကွန်မြူနစ်ပါတီ ပေါ်လစ်ဗျူရိုအဖွဲ့ဝင် Mr. Luo Gan၊ တရုတ်ပြည်သူ့ ကွန်ဂရက်ဥက္ကဋ္ဌ Mr. Wu Bangguo တို့နှင့် တွေ့ဆုံ၍ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာရေးနှင့် ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း။

ပူးပေါင်းဆောင်ရွက်ရေး

နှစ်နိုင်ငံဆက်ဆံရေးကို အလေးထား၍လည်းကောင်း၊ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးကို အလေးထား၍လည်းကောင်း လုပ်ငန်းများ အကောင်အထည်ဖော်နိုင်ရန် မိမိနှင့် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ စုံစုံညီညီ လိုက်ပါလာကြကြောင်း။

ခရီးစဉ်အတွင်း ပေကျင်းမြို့၌ နှစ်နိုင်ငံအကြား သဘောတူစာချုပ်၊ နားလည်မှုစာချွန်လွှာနှင့် အပြန်အလှန်လဲလှယ်မှု စာလွှာစုစုပေါင်း ၁၁ခုတို့ကို လက်မှတ် ရေးထိုးနိုင်ခဲ့ကြကြောင်း၊ စိုက်ပျိုးရေး၊ စက်မှု၊ သတ္တု၊ စွမ်းအင်၊ လျှပ်စစ်နှင့် ဆက်သွယ်ရေးကဏ္ဍများ၌ ဖြစ်ကြောင်း။

ပြည်ပရင်းနှီးမှု ပိုမိုလုပ်ကိုင်နိုင်ရန် ရန်ကုန်မြို့နှင့်အနီးတွင် အထူးဇုန်တစ်ခု တည်ထောင်မည်ဖြစ်ရာ ရှန်ဟိုင်းမှ ကုမ္ပဏီများ၊ အဖွဲ့အစည်းများအား လာရောက်လေ့လာကြရန် ဖိတ်ခေါ်ပါကြောင်းနှင့် ရှန်ဟိုင်းမြို့ကြီး ဆက်လက်ဖွံ့ဖြိုးတိုးတက်စေရန် ဆုမွန်ကောင်းတောင်းပါကြောင်းဖြင့် ပြောကြားသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❒

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ရှန်ဟိုင်းမြို့ မြို့တော်ဝန် Mr. Han Zheng အား ဇူလိုင် ၁၅ရက်က ရှန်ဟိုင်းမြို့ Jin Jiang Grand Hall ဧည့်ခန်းမ၌ တွေ့ဆုံစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ရှန်ဟိုင်းမြို့ မြို့တော်ဝန် Mr. Han Zheng အား ဇူလိုင် ၁၅ရက်က ရှန်ဟိုင်းမြို့ Jin Jiang Grand Hall ဧည့်ခန်းမ၌ တွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များအား ဇူလိုင် ၁၅ရက်က ရှန်ဟိုင်းမြို့ မြို့တော်ဝန် Mr. Han Zheng က ရှန်ဟိုင်းမြို့ Jin Jiang Grand Hall ခန်းမ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံစဉ်။ (သတင်းစဉ်)

ရင်းနှီးပွင့်လင်းစွာဆွေးနွေး

မြန်မာနိုင်ငံတွင် စက်မှုကဏ္ဍ ပို့ဆောင်ရေးကဏ္ဍ၊ လျှပ်စစ်စွမ်းအား ကဏ္ဍနှင့် ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ရေး ကဏ္ဍတို့တွင် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်လိုမှုတို့နှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး



နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များ ဇူလိုင် ၁၅ရက်က Shanghai Women's Federationတွင် Shanghai Women's Federation ဥက္ကဋ္ဌ Ms. Meng Yankun နှင့် အဖွဲ့ဝင်များနှင့် ခင်မင်ရင်းနှီးစွာ တွေ့ဆုံကြစဉ်။ (သတင်းစဉ်)

ရှန်ဟိုင်း အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုသည့်အတွက် လှိုက်လှဲစွာ ဝမ်းသာမိ

စာပေါင်း ခေတ်ပုံရိပ်

▼ စာမျက်နှာ ၇ မှ

တွေ့ဆုံပွဲအပြီးတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် - နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များအား ရှန်ဟိုင်းမြို့ မြို့တော်ဝန် Mr.Han Zheng ကရှန်ဟိုင်းမြို့ Jin Jiang Grand Hall ခန်းမ၌ ဂုဏ်ပြုညစာ စားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ဂုဏ်ပြုညစာစားပွဲအပြီးတွင် မြန်မာ ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် Jin Jiang Tower ဟိုတယ်သို့ ပြန်လည်ရောက်ရှိကြသည်။

ကြိုဆို

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်ဟိုင်းမြို့၌ ရောက်ရှိနေသော နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၏ဇနီး ဒေါ်ခင်လေးမြင့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၏ဇနီး ဒေါ်စံယုံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးသိန်းလွင်၏ဇနီး ဒေါ်နွဲ့နွဲ့ဟန်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး Mr. Li Jinjun၏ဇနီး Mrs. Wang Jian နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ စစ်သံမှူး ဗိုလ်မှူးကြီးစိန်ဂျော်၏ ဇနီး ဒေါ်ကြည်ကြည်ဦးတို့ လိုက်ပါလျက် ဇူလိုင် ၁၅ရက် နံနက် ၉နာရီ ၄၅မိနစ်တွင် ရှန်ဟိုင်းမြို့ရှိ Shanghai Women's Federation သို့ ရောက်ရှိကြရာ Shanghai Women's Federation ဥက္ကဋ္ဌ Ms. Meng Yankun နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ဇနီး ဒေါက်တာ ဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များနှင့် Shanghai Women's Federation ဥက္ကဋ္ဌMs.Meng Yankun နှင့် အဖွဲ့ဝင်များသည် အစည်းအဝေးခန်းမ၌ ခင်မင်ရင်းနှီးစွာ တွေ့ဆုံကြသည်။

ဂုဏ်ယူဝမ်းသာ

ထိုသို့တွေ့ဆုံရာတွင် ရှေးဦးစွာ Shanghai Women's Federation ဥက္ကဋ္ဌ Ms. Meng Yankun က နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ ဇနီး ဒေါက်တာ ဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များအား မိမိတို့အဖွဲ့ချုပ်က ကြိုဆိုခွင့်ရသည့်အတွက် များစွာ ဂုဏ်ယူဝမ်းသာမိပါကြောင်းနှင့် ရှန်ဟိုင်းအမျိုးသမီးရေးရာ အဖွဲ့ချုပ်၏ ဖွဲ့စည်းပုံ၊ အမျိုးသမီးထုရှစ်သန်းအားကိုယ်စားပြု၍ လုပ်ငန်းများဆောင်ရွက်ပေးနေမှု အခြေအနေများ၊ စီးပွားရေး၊ လူမှုရေးအခြေအနေများ တိုးတက်ဖြစ်ထွန်းမှုနှင့်အတူ အမျိုးသမီးရေးရာ အဖွဲ့ချုပ်၏ လုပ်ငန်းတိုးတက်မှု အခြေအနေများ၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် အားနည်းချက် အခြေအနေတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ဇနီး ဒေါက်တာ ဒေါ်ခင်ဝင်းရွှေက မိမိတို့အား ရှန်ဟိုင်း အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လှိုက်လှဲနွေးထွေးစွာကြိုဆိုသည့်အတွက် လှိုက်လှဲစွာ ဝမ်းသာမိပါကြောင်း၊ မိမိသည် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ တာဝန်များကို ပူးတွဲထမ်းဆောင်နေပါကြောင်းနှင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ဖွဲ့စည်းပုံ၊ လုပ်ငန်းတာဝန်များ၊ မြန်မာအမျိုးသမီးထုအတွက် လုပ်ငန်းများ ဆောင်ရွက်ပေးနေမှုအခြေအနေများ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် ဥက္ကဋ္ဌ Ms. Meng Yankun အား လုပ်ငန်းတာဝန်များ ပေါ့ပါးမည့်အချိန်တွင် မြန်မာနိုင်ငံသို့လာရောက်လည်ပတ်ပါရန် ဖိတ်ကြားအပ်ပါကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

လက်ဆောင်ပေးအပ်

ယင်းနောက် Shanghai Women's Federation ဥက္ကဋ္ဌ Ms. Meng Yankun က ဒေါက်တာ ဒေါ်ခင်ဝင်းရွှေအား အမှတ်တရ လက်ဆောင်ပစ္စည်း ပေးအပ်သည်။

ဆက်လက်၍ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေကလည်း Shanghai Women's Federation ဥက္ကဋ္ဌ Ms. Meng Yankunအား လက်ဆောင်ပစ္စည်း ပြန်လည်ပေးအပ်သည်။

ထို့နောက် ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များနှင့် ဥက္ကဋ္ဌ Ms. Meng Yankun နှင့် [...] များသည် အမှတ်တရ စုပေါ[...] ရိုက်ကြသည်။

ကြည့်ရှုလေ့လာ

ယင်းနောက် ဒေါက်တ[...] ဝင်းရွှေနှင့် အဖွဲ့ဝင်များသည်[...]

နှစ်နိုင်ငံရထားလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရေး ဆိုင်ရာကိစ္စများ ဆွေးနွေး

လက်ဆောင်ပစ္စည်းပေးအပ်

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေ ဇူလိုင် ၁၅ရက်က Shanghai Women's Federation တွင် Shanghai Women's Federation ဥက္ကဋ္ဌ Ms. Meng Yankun အား အမှတ်တရ လက်ဆောင် ပစ္စည်းပေးအပ်စဉ်။(သတင်းစဉ်)

လယ်ယာကဏ္ဍနှင့် ဆည်မြောင်းကဏ္ဍတို့တွင် နှစ်နိုင်ငံအကျိုးတူ ပူးပေါင်း ဆောင်ရွက်ရေး တွေ့ဆုံဆွေးနွေး

စုပေါင်း ဓာတ်ပုံရိုက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များ ဇူလိုင် ၁၅ရက်က Shanghai Women's Federationတွင် Shanghai Women's Federationဥက္ကဋ္ဌ Ms. Meng Yankunနှင့် အဖွဲ့ဝင်များနှင့် အတူ အမှတ်တရ စုပေါင်းဓာတ်ပုံ ရိုက်ကြစဉ်။ (သတင်းစဉ်)

ကြည့်ရှုလေ့လာ

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များ ဇူလိုင် ၁၅ရက်က Shanghai Women's Federation တွင် Shanghai Women's Federation ဥက္ကဋ္ဌ Ms. Meng Yankun နှင့် အဖွဲ့ဝင်များအား ခင်မင်ရင်းနှီးစွာတွေ့ဆုံပြီးနောက် Shanghai Women's Federation က ဖွင့်လှစ်ထားသော ရင်ခွင်ပိုက်ကလေးငယ်များပြုစုရေးဌာန၊ ကလေးငယ်များအာဟာရဖြည့်တင်းရေးဌာန၊ အလှပြင်ခန်းမနှင့် အားကစားလေ့ကျင့်ရေးခန်းမတို့ကို လှည့်လည်ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

Meng Yankun နှင့် အဖွဲ့ဝင်များသည် အမှတ်တရ စုပေါင်းဓာတ်ပုံ ရိုက်ကြသည်။

ကြည့်ရှုလေ့လာ

ယင်းနောက် ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များသည် Shanghai Women's Federation က ဖွင့်လှစ်ထားသော ရင်ခွင်ပိုက် ကလေးငယ်များပြုစုရေးဌာန၊ ကလေးငယ်များ အာဟာရ ဖြည့်တင်းရေးဌာန၊ အလှပြင်ခန်းမနှင့် အားကစားလေ့ကျင့်ရေးခန်းမတို့ကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ထို့နောက် ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များအား Shanghai Women's Federation ဥက္ကဋ္ဌ Ms. Meng Yankunက Shanghai Women's Federation အဆောက်အအုံ၌ ဂုဏ်ပြုနေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

တွေ့ဆုံဆွေးနွေး

ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချစ်ကြည်ရေး ခရီးစဉ်တွင် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်အဖြစ် လိုက်ပါလာသော ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် ဇူလိုင် ၁၃ရက် နံနက် ၉နာရီ ၄၅မိနစ်တွင် ပေကျင်းမြို့ရှိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရထားပို့ဆောင်ရေးဝန်ကြီးဌာနသို့ သွားရောက်၍ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာလျူဇီဂျွန်အားတွေ့ဆုံနှုတ်ဆက်သည်။

ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်အောင်မင်းအား ဇူလိုင် ၁၃ရက် နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Transtech Engineering Corporation မှ Deputy General Manager, Mr. Yang Yong နှင့် အဖွဲ့ဝင်များသည် လည်းကောင်း၊ Zingang Locomotive Work မှ Vice President, Mr. Zhang Gui Ming နှင့် အဖွဲ့ဝင်များသည် လည်းကောင်း၊ Dalian Locomotive and Rolling Stock Co. Ltd မှ ဥက္ကဋ္ဌ Mr. Tan Changxu နှင့် အဖွဲ့ဝင်များသည် လည်းကောင်း၊ Jifang Locomotive & Rolling Stock Co. Ltd မှ Overseas Marketing Department, General Manager, Mr. Li Jinnue နှင့် အဖွဲ့ဝင်များသည်လည်းကောင်း ပေကျင်းမြို့ရှိ နိုင်ငံတော်ဧည့်ဂေဟာသို့ လာရောက်တွေ့ဆုံကြပြီး နှစ်နိုင်ငံ ရထားလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စများကို ဆွေးနွေးကြသည်။

ရင်းနှီးပွင့်လင်းစွာဆွေးနွေး

ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချစ်ကြည်ရေး ခရီးစဉ်တွင် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်အဖြစ် လိုက်ပါလာကြသော အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊ ပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် လှမြင့်ဆွေ၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီနှင့် လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်တို့အား တရုတ်ပြည်သူ့ သမ္မတနိုင်ငံ Jsing Daring Biotechnologies Group မှ ဥက္ကဋ္ဌ Mr. Yang Yingzhi နှင့် အဖွဲ့ဝင်များသည် ဇူလိုင် ၁၅ရက် မွန်းလွဲ ၁နာရီတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်ဟိုင်းမြို့ရှိ Jinjiang Tower Hotel သို့ လာရောက်တွေ့ဆုံကြပြီး မြန်မာနိုင်ငံတွင် စက်မှုကဏ္ဍ၊ ပို့ဆောင်ရေး ကဏ္ဍ၊ လျှပ်စစ်စွမ်းအားကဏ္ဍနှင့် ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ရေး ကဏ္ဍတို့တွင် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်လိုမှုတို့နှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ဆွေးနွေး

ထို့အတူ ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်အဖြစ် လိုက်ပါလာသော လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ Zhejiang Orient Engineering Co., Ltd မှ President, Mr. Hua Aiguo နှင့်အဖွဲ့ဝင်များသည် လည်းကောင်း၊ Zhejiang Provincial Department of Agriculture မှ Deputy Director, Mr. Sun Kui-fa နှင့် အဖွဲ့ဝင်များသည် လည်းကောင်း၊ ဇူလိုင် ၁၅ရက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်ဟိုင်းမြို့ရှိ Jinjiang Tower Hotel သို့ လာရောက်တွေ့ဆုံဆွေးနွေးကြသည်။

ယင်းသို့တွေ့ဆုံရာတွင် ဆည်မြောင်း ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စန်ဝင်းလည်း တက်ရောက်ပြီး လယ်ယာကဏ္ဍနှင့် ဆည်မြောင်း ကဏ္ဍတို့တွင် အကျိုးတူ ပူးပေါင်း ဆောင်ရွက်ရေးကိစ္စများကို ဆွေးနွေး ကြသည်။

အလားတူ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်အဖြစ်လိုက်ပါလာသော အမှတ်(၁)စက်မှုဝန်ကြီး ဌာန ဝန်ကြီး ဦးအောင်သောင်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ စီးပွားရေးအဖွဲ့အစည်းများဖြစ်သည့် China Worldbest Group Co., Ltd မှ ဥက္ကဋ္ဌ Mr. Jiang Cheng နှင့် အဖွဲ့ဝင်များသည်လည်းကောင်း၊ Jiangsu Pengfei Group Co., Ltd. မှ President, Mr. Wang Jia An နှင့် အဖွဲ့ဝင်များသည်လည်းကောင်း ဇူလိုင် ၁၅ရက် မွန်းလွဲပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်ဟိုင်းမြို့ရှိ Jinjiang Tower Hotel သို့ လာရောက်တွေ့ဆုံ ဆွေးနွေးကြသည်။

(သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်တွင် ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်အဖြစ် လိုက်ပါလာကြသော အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီနှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်တို့အား ဇူလိုင် ၁၅ရက်က တရုတ်ပြည်သူ့သမ္မတနိုင်ငံ Jsing Daring Biotechnologies Group မှဥက္ကဋ္ဌ Mr. Yang Yingzhiက ရှန်ဟိုင်းမြို့ရှိ Jinjiang Tower Hotel သို့ လာရောက် တွေ့ဆုံပြီး ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြစဉ်။ (သတင်းစဉ်)

တရုတ်–အာဆီယံကုန်စည်ပြပွဲ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

ရန်ကုန် ဇူလိုင် ၂၁

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် တရုတ်–အာဆီယံ ကုန်စည်ပြပွဲ (၂၀၀၄)ကျင်းပရေးကော်မတီတို့ ပူးပေါင်းကျင်းပသည့် "တရုတ်–အာဆီယံ ကုန်စည်ပြပွဲ ၂၀၀၄ "နှင့်ပတ်သက်သည့် အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများ ဟိုတယ် Ball Room ၌ကျင်းပသည်။

အခမ်းအနားသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်း၊ ဝန်ကြီးဌာန အကြံပေးပုဂ္ဂိုလ်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ စီးပွားရေးသံမှူး၊ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ "တရုတ်–အာဆီယံ ကုန်စည်ပြပွဲ" အတွင်းရေးမှူးရုံးမှ ဒုတိယအထွေထွေ အတွင်းရေးမှူးချုပ် Mr. Gong Xunနှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အထွေထွေအတွင်းရေးမှူးနှင့် တာဝန်ရှိသူများ၊ ပြပွဲတွင်ပါဝင်ပြသမည့် သမဝါယမအသင်းများနှင့် ပုဂ္ဂလိက ကုမ္ပဏီများမှ စီးပွားရေးလုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံက အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံဆိုင်ရာ တရုတ် ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ စီးပွားရေးသံမှူး Mr. Tang Hai နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်–အာဆီယံ ကုန်စည်ပြပွဲ အတွင်းရေးမှူးရုံးမှ ဒုတိယအထွေထွေအတွင်းရေးမှူးချုပ် Mr. Gong Xun တို့က နှုတ်ခွန်းဆက် အမှာစကားပြောကြားကြကာ အခမ်းအနားကို ခေတ္တရပ်နားသည်။

၂၀၀၃ ခုနှစ် အောက်တိုဘာလအတွင်းက အင်ဒိုနီးရှားနိုင်ငံ ဘာလီမြို့၌ ကျင်းပခဲ့သည့် အာဆီယံ–တရုတ် ထိပ်သီးအစည်းအဝေး၏ သဘောတူညီချက်အရ "တရုတ်–အာဆီယံကုန်စည်ပြပွဲ ၂၀၀၄"ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးပြည်နယ် နန်နင်းမြို့ရှိ Nanning International Convention & Exhibition Center ၌ ၂၀၀၄ ခုနှစ် နိုဝင်ဘာ ၃ရက်မှ ၇ရက်အထိ ကျင်းပမည်ဖြစ်သည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၂–၇–၂၀၀၄ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၈:၀၅ ၆။ အကပဒေသာ
- ၈:၂၀ ၇။ ဘိုင်းဒါးရေလှောင်တမံ
- ၈:၃၀ ၈။ International News.
- ၈:၄၅ ၉။ Let's Go.
- ၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ English for Everyday Use.
- ၄:၄၅ ၄။ တေးဂီတအစီအစဉ်
- ၅:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ –ဒုတိယနှစ် (သင်္ချာအထူးပြု) (သင်္ချာ)
- ၅:၁၅ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၅:၃၀ ၇။ တေးဂီတအစီအစဉ်
- ၅:၄၅ ၈။ မြန်မာစာမြန်မာစကား (အပိုင်း–၅)
- ၆:၀၀ ၉။ နိုင်ငံအဝန်းသစ်တောစွမ်းဖြင့်စိမ်းလန်းစေရမည် (ခြေရာတော်စိုက်ခင်း)
- ၆:၁၅ ၁၀။ သက်တံရောင်သံစဉ်
- ၆:၃၀ ၁၁။ ညနေခင်းသတင်း
- ၇:၀၀ ၁၂။ မိုးလေဝသအခြေအနေ
- ၇:၀၅ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မိုးနတ်မယ်" (အပိုင်း–၄၁)**
- ၇:၃၅ ၁၄။ တေးဂီတအစီအစဉ်
- ၇:၄၅ ၁၅။ လှပစုံလင်အင်းလျားကန်တစ်ခွင်
- ၈:၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ **မြန်မာရုပ်ရှင် "မောင့်မူပိုင်ရှင်" (အပိုင်း–၁) (ဒွေး၊လွှင်မိုး၊ ထွန်းအိန္ဒြာဗို၊ ထက်ထက်မိုးဦး) [ဒါရိုက်တာ–ကိုစန်းအောင်]**
- ၂၀။ နောက်တစ်နေ့အစီအစဉ်
- ၂၁။ အစီအစဉ်ပြီး၏။

✧ **ကျောဖုံးမှ**

ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ရန်ကုန်မြို့တော် ကန်တော်ကြီးဥယျာဉ် ပတ်ဝန်းကျင်နှင့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) ဘက်စုံအဆင့်မြှင့် တည်ဆောက်ရေးလုပ်ငန်း ကော်မတီဝင်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်မြို့တော် ကန်တော်ကြီးဥယျာဉ်ပတ်ဝန်းကျင်နှင့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) ဘက်စုံအဆင့်မြှင့်တည်ဆောက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ရန်ကုန်မြို့တော်ကန်တော်ကြီးဥယျာဉ် ပတ်ဝန်းကျင် ဘက်စုံ အဆင့်မြှင့်တည်ဆောက်ရေးလုပ်ငန်းများတွင် ပါဝင်သည့် Relaxation Zone၊ Recreation Zone၊ Education Zone နှင့် Central Forest Zone များတွင် သက်ဆိုင်ရာဇုန်အလိုက် အဆင့်မြှင့်တင် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေ၊ ဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

အကြံပြုဆွေးနွေး

ဆက်လက်၍ ဒီဇိုင်းပညာရှင် Mr. John Inada က ရန်ကုန်မြို့တော် ကန်တော်ကြီးဥယျာဉ် ပတ်ဝန်းကျင်နှင့် တိရစ္ဆာန်ဥယျာဉ် ဘက်စုံအဆင့်မြှင့် တည်ဆောက်ရေးလုပ်ငန်းများတွင် ဇုန်အလိုက်ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများနှင့်ပတ်သက်၍ အကြံပြုဆွေးနွေးရှင်းလင်းတင်ပြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက ရန်ကုန်မြို့တော် ကန်တော်ကြီးဥယျာဉ် ပတ်ဝန်းကျင်နှင့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)ဘက်စုံ အဆင့်မြှင့်တင်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုများကို ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များကို ဖြည့်ဆည်းပေးပြီး ကန်တော်ကြီးဥယျာဉ် အဆင့်မြှင့်တင်ရေးလုပ်ငန်းများကို အဆင့်မြင့်မြင့်ဖြင့် စနစ်တကျပြီးစီးအောင် ဆောင်ရွက်ကြရေးမှာကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အစည်းအဝေးအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် Relaxation Zone ရှိ Elephant Plaza ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားကာ ညပိုင်းတွင် ပြန်လည်ထွက်ခွာသွားသည်။ (သတင်းစဉ်)

ရှင်းလင်းတင်ပြ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား ဒီဇိုင်းပညာရှင် Mr.John Inada က ရန်ကုန်မြို့တော် ကန်တော်ကြီးဥယျာဉ် ပတ်ဝန်းကျင်နှင့် တိရစ္ဆာန်ဥယျာဉ် ဘက်စုံအဆင့်မြှင့် တည်ဆောက်ရေးလုပ်ငန်းများတွင် ဇုန်အလိုက်ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများ ရှင်းလင်းတင်ပြစဉ်။
(သတင်းစဉ်)

ဇူလိုင် ၂၁ရက်က ထိုင်းနိုင်ငံ ဗန်ကောက်မြို့ ပတ်ဝန်းကျင်ရှိ ကွန်ကရစ်တံတား ကော်လံများလောင်းခြင်း၊ တပ်ဆင်ခြင်း၊ ဗန်ကောက်အပြည်ပြည်ဆိုင်ရာ လေဆိပ်သစ် အမာခံအုတ်မြစ်ချခြင်းလုပ်ငန်းကို ကြည့်ရှုလေ့လာရန် ဗန်ကောက်မြို့သို့ ထွက်ခွာသွားသော ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စောထွန်း ခေါင်းဆောင်သော အဖွဲ့ဝင်များနှင့် အိန္ဒိယနိုင်ငံနယူးဒေလီမြို့၌ ကျင်းပမည့် (၉)ကြိမ်မြောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အစည်းအဝေး တက်ရောက်ရန် ထွက်ခွာသွားသော ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးတို့အား ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်သူများနှင့်အတူ တွေ့ရစဉ်။ (သတင်းစဉ်)

သစ်တောရေးရာဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် မန္တလေးနှင့် မုံရွာမြို့များရှိသစ်စက်များ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇူလိုင် ၂၁

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ဝန်ကြီးဌာနမှ တာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင် ၁၈ရက် ညနေပိုင်းတွင် မန္တလေးမြို့ရှိ ရတနာပုံ ဥယျာဉ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လာရောက်အပန်းဖြေ အနားယူကြသည့် ပြည်သူများ ပျော်ရွှင်ချမ်းမြေ့စေရေး၊ ဇဟုသုတများရရှိရေးတို့နှင့်စပ်လျဉ်း၍ ဥယျာဉ်တွင် ဆက်လက် ဆောင်ရွက်ရမည့်လုပ်ငန်းများကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဝန်ကြီးသည် တိုင်းမှူးနှင့်အတူ ဇူလိုင် ၁၉ရက် နံနက်ပိုင်းတွင် မုံရွာမြို့ရှိ မင်းဒေါင့်သစ်ဆိပ်သို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ တာဝန်ရှိသူများက မိုးရာသီကာလ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးကလိုအပ်သည်များ ဖြည့်ဆည်းပေးသည်။ ထို့နောက် အမှတ်(၄၁)သစ်စက်နှင့် အမှတ်(၃၉)သစ်စက်တို့သို့ ရောက်ရှိရာ တာဝန်ခံများက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့သည် စက်ရုံများအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ဖြည့်ဆည်းပေး

ဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် မုံရွာမြို့ရှိ အမှတ်(၁)သစ်ဆိုင်ကို လည်းကောင်း၊ မန္တလေး-မုံရွာ ကားလမ်းဘေးရှိ ရေပိုးစာပျိုးဥယျာဉ်သို့ လည်းကောင်း ရောက်ရှိပြီး မိုးရာသီကာလအတွင်း စိမ်းလန်းစိုပြည်ရေး၊ စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းရေးတို့နှင့် စပ်လျဉ်း၍ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းပေးသည်။

ဝန်ကြီးသည် ယမန်နေ့ နံနက်ပိုင်းတွင် မန္တလေးမြို့ရှိ မြန်မာ့သစ်လုပ်ငန်း အခြေစိုက်အလုပ်ရုံသို့ ရောက်ရှိပြီး အလုပ်ရုံမှ တီထွင်ထုတ်လုပ်ထားသည့် ယာဉ်၊ယန္တရားဆက်စပ်ပစ္စည်းများကို လည်းကောင်း၊ ပြုပြင်ပြီးစီးသွားသည့် ဒေါင်ဖန်းမော်တော်ယာဉ်များကို လည်းကောင်း၊ စတိုများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ ထိုမှတစ်ဆင့် မဟာအောင်မြေမြို့နယ်ရှိ အမှတ် (၇၆)သစ်စက်သို့ ရောက်ရှိစစ်ဆေးသည်။ (သတင်းစဉ်)

ဆဲဗင်းဒေးနယူးစ်ဂျာနယ် အတွဲ (၃)အမှတ် (၁၈)ဖြန့်ချိ

ရန်ကုန် ဇူလိုင် ၂၁

မြန်မာနှင့် ထိုင်း တက္ကသိုလ်ချင်း ချိတ်ဆက်၍ ပညာရေးကဏ္ဍများ ပူးပေါင်းဆောင်ရွက်သွားရန် စီစဉ်၊ မြန်မာ့တိုင်းရင်းဆေးနှင့်ဆေးဝါးများကို မလေးရှား၏ ပထမဆုံးတိုင်းရင်းဆေးရုံ အတွက်ဝယ်ယူမည်၊ အဲယားပုဂံအမည်ရှိ ပြည်တွင်းလေကြောင်းလိုင်းသစ် အောက်တိုဘာလတွင် စတင်ပျံသန်းမည်၊ မြန်မာ-ဗီယက်နမ် ကုန်သွယ်ရေး ယခုနှစ်တွင် ၆၀ ရာခိုင်နှုန်းကျော် တိုးတက်မည်မှန်း စသည့် ပြည်တွင်းရေးရာ သတင်းဝေဝေဆာဆာဖြင့် ယနေ့ ထွက်ရှိလာသည်။

အိုစမာဘင်လာဒင်၏ အနီးကပ်လူယုံတော် ဆော်ဒီအာရေဗျတွင် လက်နက်ချအညံ့ခံ၊ မိုဘိုင်းလ်ဖုန်းပေါ်မှာ ဝတ္ထုဖတ်မလား၊ တရုတ်စာရေးဆရာတစ်ဦးက အကြံကြီး၊ ပျော်စရာရှားလေရှော့သလား၊ စားလက်စ ငှက်ပျောသီးကို ဒေါ်လာသုံးထောင်ဖြင့် လေလံပွဲမှဝယ်၊ ရုပ်ရှင်ထဲမှာတာဇံ အပြင်မှာလည်းတာဇံ အချစ်တော်ကျားကလေး သေနတ်ပစ်ခံရ စသည့် နိုင်ငံတကာရေးရာ သတင်းစုံလင်စွာကို e-Empire Media House ဖုန်း-၇၀၃၈၀၃က မြန်မာတစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။ (က-ပ)

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ရှိရမည်

✧ ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်နိုင်ရန် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဆက်သွယ်ပါ။

ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် သုတ/ရသစာအုပ်များ လှူဒါန်းနိုင်ပါသည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန။

ဧရာဝတီမြစ်ရေ ဆက်လက်တက်နေ

ရန်ကုန် ဇူလိုင် ၂၁

ဧရာဝတီမြစ်ရေသည် အောင်လံမြို့နှင့် ပြည်မြို့တို့တွင် ယနေ့ မွန်းတည့်မှ နောက်သုံးရက်အတွင်း ၁၁ဝစင်တီမီတာ (၃ပေခွဲခန့်) မြင့်တက်လာပြီး ယင်းမြို့တို့၏ စိုးရိမ်ရေမှတ် ၂၅၅ဝ စင်တီမီတာနှင့် ၂၉ဝဝ စင်တီမီတာ အသီးသီးသို့ ရောက်ရှိနိုင်သည်။

ဧရာဝတီမြစ်ရေသည် ချောက်မြို့တွင် စိုးရိမ်ရေမှတ်သို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် အနည်းငယ် ဆက်လက်တက်နေပြီး ယနေ့မွန်းတည့်မှ နောက်သုံးရက်အတွင်း စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

တိပိဋက မဟာဂန္ဓာရုံကျောင်း ဝါဆိုသင်္ကန်း ဆက်ကပ်အလှူတော်မင်္ဂလာ

ရန်ကုန် ဇူလိုင် ၂၁

ရန်ကုန်မြို့ ကမ္ဘာအေး တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်ကြီး၌ ဝါကပ်တော်မူကြမည့် ပဓာန နာယက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ အဘိဓမ္မပါဠိပါရဂူ ဘဒ္ဒန္တ သုမင်္ဂလာလင်္ကာရ(Ph.D) အမှူးရှိသော သံဃာတော် အပါး၃၅၀တို့အား အကျိုးဆောင်များနှင့် အလှူရှင်များ စုပေါင်းကာ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ၁၃၆၆ ခုနှစ် (ဒုတိယဝါဆိုလပြည့်နေ့) ဇူလိုင် ၃၁ရက်(စနေနေ့) မွန်းလွဲ ၂ နာရီအစား ၁၃၆၆ ခုနှစ် (ဒုတိယဝါဆိုလပြည့်ကျော် ၁ ရက်နေ့) ဩဂုတ်၁ရက်(တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် သီရိမင်္ဂလာ အနန္တဂုဏ်ရည် ငါးထပ်ကျောင်းတော်ကြီး တိပိဋက မဟာဂန္ဓာရုံကျောင်းတိုက်ကြီး အရှေ့ဝါယာလက်(၂)လမ်း ရေကူး-ကမ္ဘာအေး ရန်ကုန်မြို့တွင် ရက်ပြင်ဆင် ကျင်းပမည်ဖြစ်ပါ၍ ကိုယ်တိုင်ကပ်လှူ တရားတော်နာကြွရောက်ကြပါရန် ဖိတ်ကြားထားသည်။ (သတင်းစဉ်)

စလေနယ်သူ၊ နယ်သားများ ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇူလိုင် ၂၁

နှစ်စဉ်ကျင်းပမြဲဖြစ်သော ဝါဆိုသင်္ကန်း ကပ်လှူပူဇော်ပွဲကို စလေနယ်သူ၊ နယ်သားများ စုပေါင်း၍ စလေသီဂီကျောင်း ကန်ဦးကျောင်းတိုက် ကျောင်းဝိုင်း အမှတ်(၅) တောင်ဥက္ကလာပ၌ ဇူလိုင် ၃၁ရက် (စနေနေ့) နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်ရာ ကုသိုလ်ပါဝင်လှူဒါန်းလိုသူများသည် ဒေါ်ပြုံး ဖုန်း-၆၆၁၂၂၀ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်း သိကောင်းစရာဟောပြောပွဲ အခမ်းအနားကျင်းပ

ရန်ကုန် ဇူလိုင် ၂၁

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်းသိကောင်းစရာ ဟောပြောပွဲအခမ်းအနားကို ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာန သီတာခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဒေါ်မေမေရီတက်ရောက်၍ ရှင်းလင်းဟောပြောသည်။

တက်ရောက်

ဟောပြောပွဲသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဒေါ်ခင်လေးသက်၊ ဒေါ်သန်းသန်းနွဲ့နှင့် ဒေါ်ခင်ခင်ဝင်း၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်သက်ဌေး၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် လုပ်ငန်းအဖွဲ့များမှ တာဝန်ရှိသူများ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား၏ ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်နေရာချထားရေးအဖွဲ့ အကြံပေးပုဂ္ဂိုလ် ဒေါ်ခင်အေး၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၏ ဇနီး ဒေါ်ခင်နွယ်နွယ်၊ အထူးအရာရှိ ဗိုလ်မှူးချုပ် စိန်သောင်းနှင့် ဇနီး ဒေါ်ခင်ဌေးမြင့်၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် ၎င်းတို့၏ ဇနီးများ၊ အမျိုးသမီးဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ စုစုပေါင်း ၅၀၀ခန့် တက်ရောက်ကြသည်။

ဟောပြော

ဟောပြောပွဲတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဒေါ်မေမေရီက အဖွဲ့ချုပ်ပေါ်ပေါက်လာပုံနှင့် နောက်ခံသမိုင်း၊ရည်ရွယ်ချက်ခုနစ်ချက်၊လုပ်ငန်းအဖွဲ့(၁၆)ဖွဲ့၏ လုပ်ငန်းတာဝန်များနှင့် လုပ်ငန်းစီမံချက်တို့ကို ရှင်းလင်းဟောပြောပြီး "အမျိုးသမီးများဘဝ ဖွံ့ဖြိုးဖို့၊ ဝိုင်းဝန်းဆောင်ရွက်စို့"ဟူသော ဆောင်ပုဒ်နှင့်အညီ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ မွန်မြတ်သော ရည်ရွယ်ချက်များ အောင်မြင်ရေးအတွက် မြန်မာအမျိုးသမီးထုကြီး တစ်ရပ်လုံးက တစ်တပ်တစ်အား ပူးပေါင်းပါဝင်ကြရေးနှင့် မိမိဆန္ဒအလျောက် အဖွဲ့ဝင်အဖြစ်လျှောက်ထားနိုင်ကြကြောင်းဖြင့် ရှင်းလင်းဟောပြောသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်နေရာချထားရေးအဖွဲ့ အကြံပေးပုဂ္ဂိုလ် ဝန်ကြီး၏ ဇနီး ဒေါ်ခင်အေးက ဝန်ကြီးဌာန၏ လှူဒါန်းငွေ ကျပ်တစ်သိန်းနှင့် အထိမ်းအမှတ်လက်ဆောင်ကို ဒုတိယဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဒေါ်မေမေရီအား ပေးအပ်ပြီး ဟောပြောပွဲကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ရှင်းလင်းပြောကြား

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဒေါ်မေမေရီ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်း သိကောင်းစရာများကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

ဇူလိုင်၂၁ရက်က မေတ္တာရေစင်ဇီဝိတဒါနအဖွဲ့တည်ထောင်မှု ခုနစ်နှစ်ပြည့် အထိမ်းအမှတ်(၁၉)ကြိမ်မြောက် အလှူအဖြစ် ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် တက်ရောက်ဆေးဝါးကုသမှုခံယူနေကြသော ချို့တဲ့လူနာများအတွက် အလှူငွေများကို သံအမတ်ကြီး (အငြိမ်းစား)ဦးမောင်မောင်စိုးတင့်နှင့်အဖွဲ့က လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်နုနုသာက လက်ခံယူစဉ်။ (သတင်းစဉ်)

အမျိုးသားတံခွန်စိုက်ဘတ်စကက်ဘော ကွာတားဖိုင်နယ်ပြိုင်ပွဲများ ကျင်းပ

ရန်ကုန် ဇူလိုင် ၂၁

မြန်မာနိုင်ငံဘတ်စကက်ဘော အဖွဲ့ချုပ်နှင့် Mikko Coffee Mix တို့က ကြီးမှူး၍ ၂၀၀၄ ခုနှစ် အမျိုးသား တံခွန်စိုက် ဘတ်စကက်ပြိုင်ပွဲကို ယနေ့နံနက် ၉နာရီတွင် အောင်ဆန်း အားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားပြိုင်ပွဲရုံ၌ ဆက်လက်ကျင်းပသည်။

အမျိုးသားအကြီးတန်း ကွာတားဖိုင်နယ်ပြိုင်ပွဲတွင် ဂါဂါ(က)အသင်းက တပ်မတော်(ရေ)အသင်းကို ၆၁မှတ်၊ ၅၁မှတ်ဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်အသင်းက ရှဲဒိုးအသင်းကို ၈၁ မှတ်၊ ၅၅မှတ်ဖြင့် လည်းကောင်း၊ စက်မှု(၁)(က)အသင်းက လယ်ယာ/ဆည်မြောင်းအသင်းကို ၅၄မှတ်၊ ၅၁မှတ်ဖြင့် လည်းကောင်း၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းက ဂါဂါ(ခ)အသင်းကို ၉၁မှတ်၊ ၅၉မှတ်ဖြင့် လည်းကောင်း အနိုင်ရရှိကြပြီး အကြိုဗိုလ်လုပွဲသို့ တက်သွားကြသည်။

အမျိုးသမီး ပတ်လည်ပြိုင်ပွဲတွင် လယ်ယာ/ဆည်မြောင်း အသင်းက ပြည်ထဲရေးအသင်းကို ၇၃မှတ်၊ ၅၄မှတ်ဖြင့် နိုင်သည်။

ယနေ့ပြိုင်ပွဲများ

(အမျိုးသားအကြီးတန်းအကြိုဗိုလ်လုပွဲ)

ဂါဂါ (က)အသင်း နှင့်
ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်း။
စက်မှု(၁)(က)အသင်းနှင့်
အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်း။

(အမျိုးသားအငယ်တန်းအကြိုဗိုလ်လုပွဲ)

ILBC အသင်းနှင့်
စက်မှု(၁)(ခ)အသင်း။
စက်မှု(၁)(က)အသင်းနှင့်
L-S-K အသင်း။

(အမျိုးသမီးပတ်လည်ပွဲ)

ပြည်ထဲရေးအသင်းနှင့်
စက်မှု(၁)(ခ)အသင်း။

၂၀၀၄ခုနှစ် အမျိုးသား တံခွန်စိုက် ဘတ်စကက်ဘောပြိုင်ပွဲတွင် ပြိုင်ပွဲသုံးမျိုးစလုံး၌ ဆုကြေးငွေများ ချီးမြှင့်မည်ဖြစ်ရာ ပထမဆု ကျပ်တစ်သိန်း၊ ဒုတိယဆု ကျပ် ငါးသောင်းနှင့် တတိယဆု ကျပ် သုံးသောင်းစီ ဖြစ်သည်။ (ကြေးမုံ)

ရှားပါးဂန္ထဝင်စာအုပ်များ ဒုတိယအကြိမ်ပြသ

ရန်ကုန် ဇူလိုင် ၂၁

ဖိုးသင်းနိုင်စာပေက ရှားပါးဂန္ထဝင်စာအုပ်ဟောင်းများ၊ သတင်းစာနှင့် ဂျာနယ်ဟောင်းများကို ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်း အမှတ်(၆)ရှိ လောကနတ် အလှပညာပြခန်းတွင် ဇူလိုင် ၂၀ရက်မှ ၂၇ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ပြသထားမည်ဖြစ်သည်။

အဆိုပါပြပွဲတွင် ရှားပါးနေပြီဖြစ်သော စစ်ကြိုခေတ်၊ စစ်ပြီးခေတ် ဘာသာရပ်မျိုးစုံ အင်္ဂလိပ်၊ မြန်မာစာအုပ် အမျိုးပေါင်း ၅၀၀ ခန့်နှင့် သတင်းစာ၊ ဂျာနယ်များကို အခမဲ့ပြသထားမည်ဖြစ်သည်။ စာပေ၊ ဗဟုသုတ လေ့လာလိုက်စားသူ စာပေ၊ ဝါသနာရှင်များ လေ့လာကြည့်ရှုနိုင်ကြောင်း သိရသည်။ (က-ပ)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

(၂၁-၇-၂၀၀၄)

ကျောက်ဖြူ	-	၈ ဒသမ ၃၉ လက်မ
စစ်တွေ	-	၅ ဒသမ ၇၅ လက်မ
သံတွဲ	-	၅ ဒသမ ၇၁ လက်မ
မောင်တော	-	၅ ဒသမ ၀၄ လက်မ
ဂွ	-	၃ ဒသမ ၆၂ လက်မ
အမ်း	-	၃ ဒသမ ၁၉ လက်မ
ရေး	-	၂ ဒသမ ၈၀ လက်မ

တွင်ခုံဖောက်ခုံသင်တန်း အမှတ်စဉ်(၇) သင်တန်းဖွင့်

ရန်ကုန် ဇူလိုင် ၂၁

အလုပ်သမားဝန်ကြီးဌာန၊ အလုပ်သမား ညွှန်ကြားရေးဦးစီးဌာန လုပ်သားများလုပ်ငန်းခွင် ကျွမ်းကျင်မှုလေ့ကျင့်ရေး သင်တန်းကျောင်း၏ တွင်ခုံဖောက်ခုံသင်တန်း အမှတ်စဉ်(၇) ဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၂၀ရက် နံနက် ၁၀နာရီတွင် ရန်ကင်းမြို့နယ် မြနန္ဒာလမ်းရှိ သင်တန်းကျောင်းခန်းမ၌ ကျင်းပရာ အလုပ်သမားညွှန်ကြားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကိုယ်စား ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းဆွေက အမှာစကားပြောကြားသည်။

သင်တန်းတွင် စက်မှုလယ်ယာဦးစီးဌာန လယ်ယာသုံးပစ္စည်းထုတ်လုပ်ရေး စက်ရုံများတွင် အသစ်ခန့်ထားသည့် စက်မှုကျွမ်းကျင်ဝန်ထမ်း အမျိုးသား ခုနစ်ဦးနှင့် အမျိုးသမီး ၁၉ဦး စုစုပေါင်း ၂၆ဦးတို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တခြောက်ပတ်ဖြစ်သည်။ (သတင်းစဉ်)

စီးပွားကူးသန်းဂျာနယ် အတွဲ(၄) အမှတ်(၁၃) ဖြန့်ချိ

ရန်ကုန် ဇူလိုင် ၂၁

ဆရာမောင်စူးစမ်း၊ဆရာအောင်သင်း၊ ဆရာပါရဂူ၊ ဒေါက်တာခင်မောင်ညို၊ ဦးဟန်ထွန်းတို့၏ ဆောင်ပါးများနှင့် အတူ သုတ၊ ရသ ဆောင်းပါးများဖြင့် ဝေဝေဆာဆာ ဖော်ပြထားသည့် စီးပွားကူးသန်း ဂျာနယ်အတွဲ(၄)၊ အမှတ်(၁၃)ကို အမှတ်(၃၈) လမ်း(၃၀) ပန်းဘဲတန်းမြို့နယ် စီးပွားကူးသန်းဂျာနယ်တိုက်မှ တစ်ပြည်လုံးသို့ဖြန့်ချိလိုက်ပြီဖြစ်သည်။ (က-ပ)

မိုးရာသီအမျိုးသား၊ အမျိုးသမီး တာဝေးစက်ဘီးပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၁

အားကစားဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်နှင့် ရွှေသံလွင်ကုမ္ပဏီတို့ကကြီးမှူး၍ ၂၀၀၄ ခုနှစ် မိုးရာသီ အမျိုးသား၊ အမျိုးသမီး တာဝေး(လမ်းမပေါ်) စက်ဘီးပြိုင်ပွဲကို ဩဂုတ် ၇ရက် နံနက် ၅နာရီခွဲတွင် ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင် အမျိုးသားကီလိုမီတာ ၁၆၀၊ အမျိုးသမီး ကီလိုမီတာ ၈၀ ရန်ကုန်-ပဲခူး-ရန်ကုန် အသွားအပြန် တာဝေး(လမ်းမပေါ်) ပြိုင်ပွဲဖြစ်ပြီး အောင်ပွဲရ စက်ဘီးအားကစားမောင်မယ်များအား ဆုကြေးငွေများ ထိုက်ထိုက်တန်တန် ချီးမြှင့်မည်ဖြစ်ရာ ပထမဆု ကြေးငွေ ကျပ် ငါးသိန်း၊ ဒုတိယဆု ကျပ် လေးသိန်း၊ တတိယဆု ကျပ် သုံးသိန်း၊ စတုတ္ထဆု ကျပ် နှစ်သိန်း၊ ပဉ္စမဆု ကျပ် တစ်သိန်းအပြင် နှစ်သိမ့်ဆု ငါးဆုကို တစ်ဦးလျှင် ဆုကြေးငွေ ကျပ်ငါးသောင်းစီ ချီးမြှင့်မည်ဖြစ်သည်။

အဆိုပါမိုးရာသီ တာဝေးစက်ဘီး ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ဌာနဆိုင်ရာကလပ်အသင်းများနှင့် ပြည်နယ်နှင့် တိုင်းများမှ စက်ဘီးအားကစား မောင်မယ်များသည် ဩဂုတ် ၁ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဦးမြင့်ဟန်(သုဝဏ္ဏစက်ဘီးလေ့ကျင့်ရေးကွင်း)ထံ အမည်စာရင်းများပေးသွင်းပြီး ပြိုင်ပွဲနှင့် ပတ်သက်၍ အသေးစိတ် မေးမြန်းနိုင်ကြောင်းသိရသည်။ (ကြေးမုံ)

ရန်ကုန်တိုင်းဥက္ကဋ္ဌ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ အမှတ်(၂)ဘားလားတံတား တည်ဆောက်ရေးလုပ်ငန်းနှင့် ရေသွင်းရေနုတ်မြောင်းမကြီးများ တူးဖော်မှုကြည့်ရှုစစ်ဆေး

ရန်ကုန် ဇူလိုင် ၂၁

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေသည် အမှတ်(၁) စစ်ဒေသမှူး ဗိုလ်မှူးကြီးထွန်းကြည်နှင့် တိုင်းအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြောက်ပိုင်းခရိုင်သို့ သွားရောက်၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များနှင့် စိုက်ပျိုးမွေးမြူရေးဆိုင်ရာ ကိစ္စရပ်များကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့သည်မွန်းလွဲ၂နာရီခွဲတွင်ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် မြို့ပတ်လမ်းမကြီးရှိ အမှတ်(၂) ဘားလားတံတားတည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိလာရာ ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြတ်မင်း၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ရန်ကုန်မြောက်ပိုင်းခရိုင်အင်ဂျင်နီယာမှူး ဦးချိုအောင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက်ရှင်းလင်းဆောင်၌အင်ဂျင်နီယာမှူး ဦးချိုအောင်က အမှတ်(၂) ဘားလားတံတား တည်ဆောက်ရေးလုပ်ငန်း၌ သံကူကွန်ကရစ်ဘိုးပိုင်များ ဆောင်ရွက်ပြီးစီးမှု၊ တံတားတည်ဆောက်ရေးဆိုင်ရာ အချက်အလက်များ၊ ပစ္စည်းများ စုဆောင်းရရှိမှု၊ အမှတ်(၃)လမ်းမကြီးမှ အမှတ်(၂) လမ်းမ ကြီးသို့ ဆက်သွယ်ထားသည့် အရှည် ၁၂မိုင်ရှိ မြို့ပတ်လမ်းမကြီး၌ အရှည် ၆ မိုင် ၁ ဖာလုံကို အကျယ် ၁၈ပေရှိ ကတ္တရာလမ်းခင်းပြီးစီးမှု၊ ကျန်သည့် အရှည် ၅ မိုင် ၇ ဖာလုံ၌ အကျယ်၁၈ပေရှိကတ္တရာလမ်းခင်းရန် ဆက်လက်စီစဉ်ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဖွံ့ဖြိုးတိုးတက်

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက အမှတ်(၃)လမ်းမကြီးနှင့် အမှတ်(၂)လမ်းမကြီးကို ဆက်သွယ်ထားသည့် မြို့ပတ်လမ်းမကြီးသည် ရန်ကုန်မြောက်ပိုင်းခရိုင်နှင့် ရန်ကုန်အရှေ့ပိုင်းခရိုင်အတွင်းရှိ မြို့နယ်များ လွယ်ကူစွာ ဆက်သွယ်သွားလာနိုင်ရန် ရည်ရွယ်၍ ဖောက်လုပ်ထားခြင်းဖြစ်သဖြင့် ပြီးစီးပါက ပညာရေး၊ ကျန်းမာရေး၊စီးပွားရေး၊လူမှုရေးတို့ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ရာ တည်ဆောက်ရေးလုပ်ငန်းများ အမြန်ပြီးစီးရေး ဆောင်ရွက်ကြရန်မှာကြားသည်။

ဆက်လက်၍ တိုင်းမှူးနှင့် အဖွဲ့သည် အမှတ်(၂) ဘားလားတံတား တည်ဆောက်ရေးလုပ်ငန်းခွင်၌ လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း၊ မြို့ပတ်လမ်းမကြီး ကတ္တရာခင်းနိုင်ရေး ကျောက်ခင်းပြီးစီးမှု အခြေအနေများကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ခွင့်ပြုအလေးချိန်

အမှတ်(၂) ဘားလားတံတား၏ အောက်ထည်ကို သံကူကွန်ကရစ် ဘိုးပိုင်တိုင်များဖြင့် လည်းကောင်း၊ အပေါ်ထည်ကို သံကူကွန်ကရစ်ရက်မနှင့် အခင်းများဖြင့်လည်းကောင်း တည်ဆောက်လျက်ရှိသည်။တံတား အရှည် ၆၅ပေ၊ယာဉ်သွားလမ်းအကျယ်၂၈ ပေ၊ လူသွားလမ်းအကျယ် တစ်ဖက်လျှင် လေးပေစီပါရှိကာ တံတားအောက်ရေလမ်းကင်းလွတ်နယ်မြေမှာ အမြင့်ကိုးပေရှိသည်။တံတားကြီးပြီးစီးသွားပါက ခွင့်ပြုအလေးချိန်မှာ တန် ၆၀ ဖြစ်သည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် အဖွဲ့သည် အမှတ်(၃)လမ်းမကြီး နှင့် မြို့ပတ်လမ်းမကြီး လမ်းဆုံ၌ ဘားလားဒေသမှလယ်မြေများ မိုးရာသီကာလအတွင်း ရေကြီးနစ်မြုပ်ခြင်းမရှိစေရန်နှင့် နွေရာသီကာလ၌ နွေစပါး စိုက်ပျိုးနိုင်ရန် စက်ယန္တရားဖြင့် ရေသွင်း ရေနုတ်မြောင်းမကြီးများ တူးဖော်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ ဆည်မြောင်းဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး ဦးသောင်းထွန်းက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

အမြန်ပြီးစီးရေး

ယင်းနောက်တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက မြောင်းတူးခြင်းလုပ်ငန်းများ အမြန်ပြီးစီးပါက ဘားလားဒေသရှိ လယ်မြေများအတွက်မိုးစပါးရေနစ်မြုပ်ခြင်းမှ ကာကွယ်နိုင်မည့်အပြင် နွေစပါးပိုမိုစိုက်ပျိုးနိုင်မည်ဖြစ်၍ လုပ်ငန်းများ အမြန်ပြီးစီးရေး ဆောင်ရွက်ကြရန် မှာကြားသည်။

ထိုမှတစ်ဆင့် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် အဖွဲ့သည် ရန်ကုန်–ပဲခူး ခြောက်လမ်းသွား လမ်းမကြီးနှင့် အမှတ်(၃)လမ်းဆုံအနီး ရန်ကုန်တိုင်းစစ်ဌာနချုပ်၏ လယ်မြေ ၈၃ ဧကၠ၌ စံပြလယ်ယာမြေအဖြစ် ဆောင်ရွက်ပြီး မိုးစပါး ထွန်ယက်စိုက်ပျိုးနေမှု၊ စံပြလယ်ယာမြေဘောင်မြောင်းပေါင်ကြီးများ၌ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများ စိုက်ပျိုးထားရှိမှုအခြေအနေများကိုလိုက်လံကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက စံပြလယ်ယာမြေ၏ အင်္ဂါရပ်များနှင့်အညီ အဆင့်ဆင့်ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ဖြည့်ဆည်းဆောင်ရွက်

ယင်းနောက်တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက အထွက်တိုး မျိုးကောင်းမျိုးသန့် စပါးများ စိုက်ပျိုးရေး၊ လယ်မြေပတ်ဝန်းကျင် မြေလွတ်မြေလပ်များ၌ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများ ကွပ်လပ်မကျန်စိုက်ပျိုးကြရေး မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့သည် မှော်ဘီမြို့နယ် ညောင်နှစ်ပင်ကျေးရွာအနီးရှိ ရန်ကုန်တိုင်း ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်၊ ငါးမွေးမြူရေး အထူးဇုန်(၁)ရှိ မှော်ဘီဆန်းခန်းမသို့ ရောက်ရှိလာရာ ရှင်းလင်းဆောင်၌ အထူးဇုန်(၁)တာဝန်ခံ တိုင်းစိုက်ပျိုးရေးမန်နေဂျာ ဦးအောင်ဆန်း၊ အထူးဇုန်(၂)တာဝန်ခံ ရန်ကုန်မြောက်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးသိန်းနိုင်နှင့် အထူးဇုန်(၃) တာဝန်ခံ တိုင်းမြေစာရင်းဦးစီးမှူး ဦးကြင်ထွန်းတို့ကသက်ဆိုင်ရာဇုန်များ အလိုက်မြေပြုပြင်ပြီးစီးမှု၊ ဟင်းသီးဟင်းရွက်စိုက်ပျိုးထားရှိမှု၊ အသားစားကြက်၊ ဥစားကြက်နှင့်ငါးများ မွေးမြူထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ရန်ကုန်တိုင်း ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်၊ငါးမွေးမြူရေး အထူးဇုန်ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ တိုင်းအုပ်ချုပ်ရေးမှူး ဦးလှစိုးက အထူးဇုန်များအတွင်းရှိ ကတ္တရာလမ်းများနှင့် ဂဝံလမ်းများ ရေရှည်တည်တံ့ ခိုင်ခံ့စေရေး ထိန်းသိမ်းနေမှု အခြေအနေနှင့် တိုင်းအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက သက်ဆိုင်ရာ ကဏ္ဍများအလိုက် တိုင်းရင်းသားစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းရှင်များ၏ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတွင် ကူညီပံ့ပိုးနေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းရင်းသားစိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းရှင်များက ကူညီဖြည့်ဆည်းပေးရမည့် လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ရန်ကုန်တိုင်း ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်၊ ငါးမွေးမြူရေးအထူးဇုန်ကြီးကို ရန်ကုန်မြို့နေပြည်သူများ လတ်ဆတ်သည့် ဟင်းသီးဟင်းရွက်နှင့် သားငါးများ လတ်လတ် ဆတ်ဆတ်နှင့် လုံလုံလောက်လောက် စားသုံးနိုင်ရန် ရည်ရွယ်၍ တည်ထောင်ထားခြင်းဖြစ်သဖြင့် ဟင်းသီးဟင်းရွက်များ အပြည့်အဝ စိုက်ပျိုးထုတ်လုပ်ရေးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများကလည်း တိုင်းရင်းသားလုပ်ငန်းရှင်များ၏လိုအပ်ချက်များကို ဝိုင်းဝန်းကူညီဖြည့်ဆည်း ဆောင်ရွက်ပေးကြရန် မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။

ယင်းနောက်တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့သည် အထူးဇုန်(၁)မျှော်စင်မှ ဟင်းသီးဟင်းရွက် စိုက်ပျိုးထားရှိမှု အခြေအနေများနှင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုကြသည်။

မွေးမြူထား

ရန်ကုန်တိုင်းဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်၊ငါးမွေးမြူရေးအထူးဇုန်ကြီး၌ ဝန်ကြီးဌာနများ၊ တိုင်းရင်းသားစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းရှင်များက တိုင်ထောင်ပဲ၊ တိုင်လွတ်ပဲ၊သခွား၊ မုန်လာဥ၊ မုန်ညင်း၊ ဖူးစားပြောင်း၊ နှံစားပြောင်း၊ဘူး အစရှိသည့် ဟင်းသီးဟင်းရွက်များ စိုက်ပျိုးလျက်ရှိရာ ယနေ့အထိ ၅၉၁၅ ဧက စိုက်ပျိုးထားရှိသည်။ အသားစားကြက်နှင့် ဥစားကြက် မွေးမြူခြင်းလုပ်ငန်းအနေဖြင့် ယနေ့အထိ ကြက်ကောင်ရေ ၁၂သိန်း မွေးမြူထားရှိပြီး အသားစားကြက်ကောင်ရေ ၁၀ သိန်းကျော် ထုတ်လုပ် ရောင်းချနိုင်ခဲ့ကာ ငါးမွေးမြူရေး လုပ်ငန်းများအနေဖြင့် ငါးကန် ၅၆၈ ဧက တူးဖော်ထားရှိပြီး ငါးကောင်ရေ ၁၃ သိန်းကျော် မွေးမြူထားရှိသည်။ (သတင်းစဉ်)

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် မြို့နယ်အဆင့်ကောက်စိုက်စွမ်းရည်ပြိုင်ပွဲ၊ တိုက်ရိုက်အစေ့ချပြိုင်ပွဲနှင့် လယ်ယာ(၁၆) လက်တွန်းထွန်စက်စွမ်းရည်ပြိုင်ပွဲများကို တောင်ကြီးမြို့နယ် ရွှေညောင်ကျေးရွာအုပ်စု ကွမ်းဘုံရွာ ဒေါ်နန်းခမ်းအေးမတ်၏ လယ်ကွင်းအမှတ်(၁၀၁)တွင် ဇူလိုင် ၁၇ရက်က ကျင်းပရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့် ကောက်စိုက်စွမ်းရည်ပြိုင်ပွဲတွင် ပထမဆုရ ရွှေညောင်အသင်းအား ဆုချီးမြှင့်စဉ်။

(သတင်းစဉ်)

သွားရောက်ကြည့်ရှု

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ ရမည်းသင်းမြို့ သောက်သုံးရေရရှိရေးအတွက် ရေရရှိနိုင်မည့် သစ်ဆုံဆည်ဝန်းကျင်သို့ သွားရောက်ကြည့်ရှုစဉ်။

(နယ်စပ်/စည်ပင်)

ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး တင်ငွေ ကျေးလက်ဒေသစက်ရေတွင်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇူလိုင် ၂၁

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေသည် ကျောက်ဆည်မြို့ စုကြီးရပ်ကွက်နှင့် ဘင်စုရပ်ကွက် ဆက်သွယ်သည့် မင်းရဲမြောင်းကူးတံတားသို့ ဇူလိုင် ၁၇ရက်တွင် ရောက်ရှိလာရာ ကျောက်ဆည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် အင်ဂျင်နီယာများက တံတားအသစ်ဆောက်လုပ်ရန် စီစဉ်ထားမှုများကို ရှင်းလင်းတင်ပြကြသည်။

ဒုတိယဝန်ကြီးက တံတားအရည်အသွေးကောင်းမွန်ရေး၊ လုပ်ငန်းများ မြန်မြန်ဆန်ဆန်ပြီးစီးရေးတို့ကို မှာကြားပြီး ကျောက်ဆည်မြို့ ခရိုင်ပျိုးဥယျာဉ်ဝင်း အတွင်းရှိ ရေသန့်စင်စနစ် တည်ဆောက်မည့် နေရာနှင့် ကျောက်ဆည်မြို့ အရှေ့ခြမ်းရပ်ကွက်များသို့ ရေဖြန့်ဝေပေးနေသည့် ရေတင်စက်ရုံတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ဝမ်းတွင်းမြို့နယ် နတ်ကန်အရှေ့ကျေးရွာရှိ ကျေးလက်ဒေသသောက်သုံးရေ ရရှိရေးအတွက် တူးဖော်ပြီးစီးသွားသည့် စက်ရေတွင်းကို သွားရောက်ကြည့်ရှု စစ်ဆေးပြီး ကျေးရွာသူ၊ ကျေးရွာသားများအား ရင်းရင်းနှီးနှီး တွေ့ဆုံသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ပျော်ဘွယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံးသို့ရောက်ရှိပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ရမည်းသင်းမြို့သို့ရောက်ရှိပြီး ရမည်းသင်းမြို့ သောက်သုံးရေ ရရှိရေးအတွက် ရေရရှိနိုင်မည့် ရေအရင်းအမြစ်နေရာများဖြစ်သည့် သစ်ဆုံဆည်ပတ်ဝန်းကျင်နှင့် လက်ရှိ ရေပေးဝေလျက်ရှိသည့် သိမ်ကုန်းရွာမှ စက်ရေတွင်းများ၊ ဥသျှစ်ကုန်းရွာမှ စက်ရေတွင်းများကို ကြည့်ရှုစစ်ဆေးသည်။

(သတင်းစဉ်)

သမဝါယမဝန်ကြီးဌာန ပထမလေးလပတ် လုပ်ငန်းညှိနှိုင်း ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး တက်ရောက် အမှာစကားပြောကြား

ရန်ကုန် ဇူလိုင် ၂၁

သမဝါယမဝန်ကြီးဌာန ၂၀၀၄ခုနှစ် ပထမလေးလပတ် သမဝါယမလုပ်ငန်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သမဝါယမဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး တက်ရောက် အမှာစကားပြောကြားသည်။

ညှိနှိုင်းအစည်းအဝေးသို့ သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးစိုးဝင်း၊ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိန်သန်း၊ သမဝါယမ ပို့ကုန်သွင်းကုန်လုပ်ငန်း ခေတ္တဦးဆောင်ညွှန်ကြားရေးမှူး ဦးမျိုးသန်း၊ ဗဟိုသမဝါယမအသင်းဥက္ကဋ္ဌနှင့် ဒါရိုက်တာ အဖွဲ့ဝင်များ၊ သမဝါယမဘဏ်ဥက္ကဋ္ဌနှင့်ဒါရိုက်တာ အဖွဲ့ဝင် များ၊ ပြည်နယ်၊ တိုင်း သမဝါယမဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးများ၊ ပြည်နယ်၊တိုင်း အထွေထွေ စီးပွားရေး လုပ်ငန်း သမဝါယမအသင်းစုချုပ်များ၊ ဌာနဆိုင်ရာတာဝန် ရှိသူများ တက်ရောက်ကြသည်။

ညှိနှိုင်းအစည်းအဝေးတွင် ဝန်ကြီးက အမှာစကား ပြောကြားရာ၌ သမဝါယမကဏ္ဍ စီးပွားရေးစီမံကိန်းများ အောင်မြင်ရန်အတွက် အခြေခံအသင်းများ တောင့်တင်း ခိုင်မာပြီး လယ်ယာအသင်းနှင့် စက်မှုလက်မှုအသင်းများ ဖွံ့ဖြိုးတိုးတက်အောင် စည်းရုံးဆောင်ရွက်ရန် လိုကြောင်း၊ မိမိတို့ယုံကြည်သည့် သမဝါယမနည်းလမ်းများဖြင့် အောင်မြင် အောင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ယခု အကောင် အထည်ဖော်နေသော ၂၀၀၃-၂၀၀၄ ခုနှစ် စီမံကိန်းရည်မှန်း ချက်များကိုလည်း အပြည့်အဝ အကောင်အထည်ဖော်ရေး အတွက် လုပ်ငန်းစီမံချက်များ ရေးဆွဲဆောင်ရွက်သွားကြရန် လိုကြောင်း၊ ကုန်ထုတ်လုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်းနှင့် ကုန်သွယ်မှုလုပ်ငန်းများကို အချိတ်အဆက်မိမိ ဆက်စပ် ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဗဟိုသမဝါယမအသင်း ဥက္ကဋ္ဌက ဗဟို သမဝါယမအသင်း၏ လုပ်ငန်းဆိုင်ရာ အခြေအနေများကို လည်းကောင်း၊ သမဝါယမအသင်းစုချုပ် ဥက္ကဋ္ဌများက အသင်းစုအလိုက် လုပ်ငန်းဆိုင်ရာ ဆောင်ရွက်မှုများကို လည်းကောင်း၊ သမဝါယမဘဏ်လီမိတက် ဥက္ကဋ္ဌက ဘဏ် လုပ်ငန်း ကိစ္စရပ်များကိုလည်းကောင်း၊ ပြည်နယ်နှင့်တိုင်း သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးများက မိမိတို့ ပြည်နယ်/တိုင်း အလိုက် ဆောင်ရွက်လျက်ရှိသော လုပ်ငန်း ဆောင်ရွက်မှုများကိုလည်းကောင်း၊ သမဝါယမဒီဂရီကောလိပ် နှင့် သမဝါယမကောလိပ်များမှ ကျောင်းအုပ်ကြီးများက ပညာရေးဆိုင်ရာ အခြေအနေများကိုလည်းကောင်း တင်ပြ ကြရာ သက်ဆိုင်ရာဌာနအကြီးအကဲများက ပြန်လည် ရှင်းလင်း ဆွေးနွေးကြပြီး ဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

(သတင်းစဉ်)

သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး သမဝါယမဝန်ကြီးဌာန ၂၀၀၄ခုနှစ် ပထမလေးလပတ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သမဝါယမ)

ပြည်ထဲရေးဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင် ကမ္ဘာ့အိုလံပစ် အားကစားပြိုင်ပွဲဝင်မည့် ဒုတိယရဲအုပ် သင်းသင်းခိုင်အား ဂုဏ်ပြုဆုငွေပေးအပ်

ရန်ကုန် ဇူလိုင် ၂၁

၂၀၀၄ ခုနှစ်ဩဂုတ်လတွင် ဂရိနိုင်ငံ အေသင်မြို့၌ကျင်းပမည့် ကမ္ဘာ့အိုလံပစ်အားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် မြားပစ်အားကစားသမား ဒုတိယရဲအုပ် သင်းသင်းခိုင်အား ဂုဏ်ပြုဆုငွေနှင့် အထောက်အကူပြုပစ္စည်းများ ပံ့ပိုးထောက်ပံ့ခြင်း အခမ်းအနားကို ယနေ့မွန်းလွဲ ၁နာရီခွဲတွင် မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် ဧည့်ခန်းမဆောင်၌ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင် တက်ရောက်၍ ဂုဏ်ပြုအမှာစကားပြောကြားပြီး ထောက်ပံ့ချီးမြှင့်ငွေ ကျပ်သုံးသိန်းကို ပေးအပ်ချီးမြှင့်သည်။

ပေးအပ်ချီးမြှင့်

ဆက်လက်၍ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် နာယကများဖြစ်ကြသော ဒေါ်ခင်လှလှက မြန်မာအမျိုးသမီးဝတ်စုံနှင့် ငွေကျပ်တစ်သိန်းကိုလည်းကောင်း၊ ဒေါ်ခင်အေးက ငွေကျပ်ငါးသောင်းကိုလည်းကောင်း၊ ဒေါ်နီလာသော်က မြန်မာအမျိုးသမီး ဝတ်စုံနှင့် ငွေကျပ်ငါးသောင်းကိုလည်းကောင်း အသီးသီးပေးအပ်ချီးမြှင့်သည်။

အဆိုပါအခမ်းအနားသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ် ရဲမှူးချုပ်ဇော်ဝင်း၊ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးတင့်ဆန်းနှင့် ဒေါက်တာဇော်ထွန်း၊ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် အတွင်းရေးမှူး ဦးကျော်ဦးတို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

၂၀၀၄ခုနှစ် ဩဂုတ်လတွင် ဂရိနိုင်ငံ အေသင်မြို့၌ ကျင်းပမည့် ကမ္ဘာ့အိုလံပစ် အားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် မြားပစ် အားကစားသမား ဒုတိယရဲအုပ် သင်းသင်းခိုင်အား ဂုဏ်ပြုဆုငွေနှင့် အထောက်အကူပြုပစ္စည်းများ ပံ့ပိုး ထောက်ပံ့ခြင်း အခမ်းအနားတွင် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင် ထောက်ပံ့ချီးမြှင့် ငွေကျပ်သုံးသိန်း ချီးမြှင့်စဉ်။
(ပြည်ထဲရေး)

ရော်ဘာစိုက်ပျိုးရေးအောင်မြင်စေရန် အောက်ပါအတိုင်းဆောင်ရွက်ပါ

၁။ ရော်ဘာစိုက်ရန်အနည်းဆုံး(၂)နှစ်ခန့် ကြိုတင်စီမံရန်လိုအပ်သဖြင့် နှစ်အလိုက်စိုက်ပျိုးမည့် ဧကလျာထားချက်ကို ကြိုတင်သတ်မှတ် ရေးဆွဲထားပါ။
၂။ ရာသီဥတုကိုက်ညီပြီး မြေသားအထူ အနည်းဆုံး(၄)ပေခန့်ရှိသော နေရာများတွင် စိုက်ပါ။
၃။ ခြံသုံးပစ္စည်းများပို့ဆောင်ရေး၊ စိုက်ပျိုးထိန်းသိမ်းမှုနှင့်အစေးလှီးသယ်ယူရာတွင် လွယ်ကူရေးတို့အတွက် လိုအပ်သည့် ခြံတွင်းကုန်ထုတ်လုပ်ငန်းများကို လုံလောက်စွာစနစ်တကျ အကွက်ချလျာထားဖောက်လုပ်ပါ။
၄။ အစေးထွက်ကောင်းသော PB260, PB 235, RRIM 600, RRIM623, RRIM717, BPM 24, RRIC 100, RRIC110 နှင့် နောင်နန်းမျိုးသန့်စေ့မျိုးများကိုစိုက်ပါ။
၅။ ရော်ဘာပျိုးပင်များရရှိရေးအတွက် စိုက်ချိန်မတိုင်မီ အနည်းဆုံး(၁)နှစ် ကြိုတင်၍ဆောင်ရွက်ပါ။
၆။ နှစ်စဉ်မေလ(နောက်ဆုံးပတ်)မှ ဇူလိုင်လကုန်အတွင်း စိုက်ခင်းများကိုအပြီးစိုက်ပါ။ လိုအပ်သည့်နေရာတွင် ဖာထေးစိုက်ပါ။
၇။ အပင်ဖာထေးစိုက်ပျိုးခြင်းကို သက်တမ်း(၃)နှစ်အတွင်း အပြီးဆောင်ရွက်ပါ။
၈။ ကျန်ကာလများတွင် စိုက်ခင်းပြုစုထိန်းသိမ်းခြင်းကို အောက်ပါအတိုင်း ရာသီမီဆောင်ရွက်ပါ။
(က) (၆)ပေ(၈)ပေ လိုင်းတန်းပေါင်းရှင်းခြင်းကို မိုးဦး(မေ-ဇွန်)လများတွင် ဆောင်ရွက်ပြီး မိုးနှောင်း ဓာတ်မြေဩဇာမကျွေးမီ (စက်တင်ဘာ)လတွင် အပြီးဆောင်ရွက်ပါ။
(ခ) အပင်လိုင်းတန်းကြား ပေါင်းခုတ်ခြင်းကို မိုးဦးတွင် (ဇွန်-ဇူလိုင်)လများတွင်လည်းကောင်း၊ မိုးနှောင်းတွင် (စက်တင်ဘာ-အောက်တိုဘာ)လများတွင် ဆောင်ရွက်ပါ။
(ဂ) မိုးဦးမြေဩဇာကျွေးခြင်းကို ဇွန်လတွင်လည်းကောင်း၊ မိုးနှောင်းမြေဩဇာကျွေးခြင်းကို စက်တင်ဘာ လတွင်လည်းကောင်းသတ်မှတ်မြေဩဇာ အလေးချိန်၊ အမျိုးအစားနှင့်နည်းစနစ်မှန်ကန်စွာကျွေးပါ။
(ဃ) အစိုဓာတ်ထိန်းခြင်းကို စက်တင်ဘာ၊ အောက်တိုဘာလများတွင် စနစ်တကျပြုလုပ်ပါ။
၉။ ခြံပတ်နှင့် ခြံတွင်းမီးတားလမ်းများကို နိုဝင်ဘာလ၊ ဒီဇင်ဘာလများတွင် ပြုလုပ်ပါ။
၁၀။ ရော်ဘာစိုက်ပျိုးရေးအောင်မြင်စေရေးအတွက် နီးစပ်ရာ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်းနှင့်ဆက်သွယ်၍ အကြံဉာဏ် များရယူဆောင်ရွက်ပါ။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန။

မြန်မာနိုင်ငံအတွင်း ခရီးသွားလာခြင်း အကောင်းဆုံးစီးပွားရေးအယူအဆ နှီးနှောဖလှယ်ပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂၁

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နှင့် ထိုင်းနိုင်ငံအပြည်ပြည် ဆိုင်ရာ လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး အဖွဲ့ချုပ်တို့၏ ပူးပေါင်းစီစဉ်မှုဖြင့် မြန်မာနိုင်ငံအတွင်း ခရီးသွားလာခြင်း အကောင်းဆုံး စီးပွားရေးအယူအဆ Globalization (Tourism, Globalization and Sufficiency Economy Theory in Myanmar) နှင့်ပတ်သက်သော နှီးနှောဖလှယ်ပွဲကို ယနေ့နံနက် ၉နာရီခွဲ တွင် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ကျင်းပရာ ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူ၊ ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှု လက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်လွင်၊ ထိုင်းနိုင်ငံ အပြည်ပြည်ဆိုင်ရာ လူ့စွမ်းအား အရင်း အမြစ် ဖွံ့ဖြိုးတိုးတက်ရေး အဖွဲ့ချုပ် (Foundation for International Human Resource Development) ၏ အထွေထွေ အတွင်းရေးမှူး နှင့် စီမံကိန်းများ ဆိုင်ရာဥက္ကဋ္ဌ Dr. Chira Hongladarom နှင့် မြန်မာ နိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Suphot Dhirakaosal တို့က အမှာစကားပြောကြားကြသည်။

နှီးနှောဖလှယ်ပွဲသို့ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ဘဏ္ဍာရေးနှင့် အခွန် ဝန်ကြီးဌာန၊ ယဉ်ကျေးမှုဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဝန်ကြီးဌာန၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ ပြည် ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ ရန်ကုန်တက္ကသိုလ်နှင့် မြန်မာနိုင်ငံ ခရီးသွား လုပ်ငန်းရှင်များအသင်းတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ အဆိုပါ နှီးနှောဖလှယ်ပွဲကို ဇူလိုင် ၂၃ရက်အထိ ကျင်းပမည်ဖြစ်သည်။

(သတင်းစဉ်)

မိုးရာသီ၌ ယာဉ်မောင်းလျှင် အောက်ပါအချက်အလက်များသတိပြုပါ

၁။ လမ်းပေါ်တွင် စက်ဆီ၊ ချောဆီများ ဖိတ်စဉ်နေလျှင် လမ်းချော်နိုင်သည်။
၂။ မော်တော်ယာဉ်ဘီးများ ပန်းမရှိလျှင် လမ်းချော်နိုင်သည်။
၃။ မော်တော်ယာဉ်များ လေပေါင်ချိန်များလွန်းလျှင် လမ်းချော်နိုင်သည်။
၄။ လမ်းပေါ်တွင် ရွှံ့နွံများရှိလျှင် လမ်းချော်နိုင်သည်။
၅။ အရှိန်ပြင်းစွာ မမောင်းပါနှင့်။
၆။ ဘရိတ်ကို ရုတ်တရက် မနင်းပါနှင့်။
၇။ ကုန်တင်ယာဉ်များ ဟန်ချက်ညီမျှရန် ဂရုပြုပါ။
၈။ ရေသုတ်တံပါရှိရမည်။ ကောင်းမွန်ရမည်။
၉။ မိုးသည်းထန်စွာရွာသွန်း၍ မြင်ကွင်းမကောင်းလျှင် ရှေ့မီးကြီးကို ဖွင့်မောင်းပါ။
၁၀။ မြေသယ်ယာဉ်၊ အုတ်၊ သဲ၊ ကျောက်သယ်ယာဉ်များ ဖိတ်စဉ်မှုမရှိစေရန် လုံခြုံစွာတင်ဆောင်ပါ။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ



ဝန်ထမ်း ရွေးချယ်လေ့ကျင့်ရေးအဖွဲ့၏ ဝါဆိုသင်္ကန်း ကပ်လှူပွဲ အခမ်းအနားကို ရန်ကုန်တိုင်း လှိုင်မြို့နယ် သီရိမင်္ဂလာစာသင်တိုက်၌ ကျင်းပရာ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့် ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများဆက်ကပ် လှူဒါန်းစဉ်။ (သတင်းစဉ်)

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ မိသားစု ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂၁

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့် ဝန်ထမ်းမိသားစုများက လှိုင်မြို့နယ် သီရိမင်္ဂလာပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တသုမန အမှူးပြုသော သံဃာတော် ၈၂ ပါးတို့အား ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် အဆိုပါကျောင်း၌ကျင်းပရာ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်၊ အဖွဲ့ဝင်များဖြစ်ကြသော ဦးညွန့်ဆွေ၊ ဦးအောင်မြင့်၊ ဦးလှမြင့်ဦးနှင့်အဖွဲ့အောက်ရှိ ဦးစီးဌာနများ၊ တက္ကသိုလ်များမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ပါမောက္ခချုပ်များ၊ ဝန်ထမ်းမိသားစုများတက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ ဖွင့်လှစ်ပြီး ဆရာတော် ဘဒ္ဒန္တသုမနထံမှ ငါးပါးသီလခံယူ ဆောက်တည်၍ ပရိတ်တရားတော်များကို နာယူကြသည်။

ဆက်လက်၍ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ အလှူရှင်များက ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဆရာတော်ထံမှ အနုမောဒနာ တရားနာယူ၍ လှူဒါန်းမှုအစုစုတို့ အတွက် ရေစက်သွန်းချ အမျှပေးဝေပြီး သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

(သတင်းစဉ်)

ဇမ္ဗူရတနာကျောင်း ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇူလိုင် ၂၁

ရန်ကုန်တိုင်း အလုံမြို့နယ် အလုံလမ်း ဇမ္ဗူရတနာကျောင်းတိုက်ကြီး၏ ပဓာနနာယကဆရာတော် ဘဒ္ဒန္တစန္ဒာသီရိအမှူးပြု၍ သံဃာတော်အပါး ၇၀ကျော်တို့အား ဇူလိုင်၃၁ရက်(စနေနေ့)နံနက် ၉နာရီတွင် ဇမ္ဗူမင်္ဂလာဓမ္မာရုံကြီးတွင် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းမည်ဖြစ်ရာ လှူဒါန်းလိုသူများကျောင်းတိုက်သို့ ဆက်သွယ်လှူဒါန်း နိုင်ကြောင်း သိရသည်။

(က-ပ)

မြစည်းခုံကျောင်းတိုက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းမည်

ရန်ကုန် ဇူလိုင် ၂၁

ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် (၅)ရပ်ကွက် အမှတ်(၃)ဝိုင်းရှိ မြစည်းခုံကျောင်းတိုက်၌ ဝါဆိုဝါကပ်တော်မူကြသော ပဓာနနာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိတသာရ (မဟာဂန္ထဝါစကပဏ္ဍိတ) အမှူးပြုသော သံဃာတော်အရှင်သူမြတ်တို့အား စိတ်တူ၊ စေတနာတူ၊ သဒ္ဓါတူ တပည့်ဒါယကာမ၊ ဒါယိကာများ စုပေါင်း၍ ပထမအကြိမ် ဝါဆိုသင်္ကန်းနှင့် ဝါဆိုဆွမ်းခံဖွယ် လှူဒါန်းမှုအစုစုတို့ကို ၁၃၆၆ ခုနှစ် ဒုတိယ ဝါဆိုလပြည့်ကျော် ၁ရက်၊ ဩဂုတ် ၁ရက် (တနင်္ဂနွေနေ့)တွင် ၎င်းကျောင်းတိုက်၌ ဆက်ကပ်လှူဒါန်းမည်ဖြစ်၍ လှူဒါန်းလိုသော စေတနာရှင်များ အနေဖြင့် ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထု အစုစုတို့ကို ဖုန်း-၅၆၁၀၈၀ထံသို့ ဆက်သွယ်လှူဒါန်း နိုင်ကြောင်းသိရသည်။

(၅၂၉)

ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် ပိတောက်ပင်လမ်း အမှတ်(၈၄)နေ ဦးရီထွေး-ဒေါ်ဝင်းရွှေမိသားစုတို့ကမွေးနေ့အထိမ်းအမှတ် အလှူငွေကျပ် ၄၀၇၅၀၀ ကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးသိန်းအောင်ထံ ဇူလိုင် ၁၆ ရက်က ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ရာနှုန်းပြည့်မိုး

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ရွာမည်။ ရွာရန်ရာနှုန်း ပြည့်ဖြစ်သည်။

ဝါဆို လပြည့် ဓမ္မာစကြာနေ့
Ph : 705070, 09-80-22532, 200747, Ext : 2100

Q . E . L . C
4 SKILLS ENGLISH (Basic)
JULY (26), AUG (2)
Intermediate 4 Skills. Aug (28)
English Skills Foundation. Aug(1)
IELTS, July (24) / TOEFL, July (28) / Writing

OD Tour
Jul 30 , Aug 20
Aug 23 , 24
Jul29, Aug 19
32 (A) ☎: 904808, 537672

Y.E.S.
Basic Spoken English : JULY- 20,24,26
Pre-Intermediate English : JULY-12,26
Intermediate English : JULY - 20,24
Academic Writing, Basic Writing : JULY-24,26
Grammar Foundation Course : JULY - 10
SAT (I) , SAT (II) / AE, IELTS, TOEFL, VEC
No.119, YMCA Building , Bogalayzay Street, Botataung TSP.
- 245821

လေးပါးရာဇာ
သွေးတိုးကျဆေးပြား

NOTE BOOKS CITY
ESPECIALLY FOR LAPTOP
Ph : 510680, 502612, 520933, 09-80-20986

Dyna 14' container
Box ပါ
၆က/၆၀၀၀ကျော်
87 Model
13B, Turbo
Phone : 667504/664204

MTKK Tourism Co.,Ltd

ဆေးပင်
အကြောအားတိုးဆေး

လိပ်ခေါင်း ဂရင်ဂျီအိုနာ (အကြောအစိုး)

ဦးကျော်ဝေယံ
(ရာဇသတ်ကြီး)
ထွက်ပြီ ထွက်ပြီ

ဒေါ်သန်းချိုဝင်း[၁၀/ မလမ (နိုင်)၀၀၆၉၁၃]သိစေရန် သတိပေးကြေညာခြင်း

ကျွန်ုပ်အမှုသည် ဒေါ်ဝင်းမာလာကျော် အမှတ်(၂၉)၊ ၄-လွှာ(A)၊မလွှကုန်းလမ်း၊ ကျောက်မြောင်း၊တာမွေမြို့နယ်၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

အမှတ်(၆၀)၊ ၄-လွှာ (B)၊ ဩဘာလမ်း၊ ကျောက်မြောင်းကြီးရပ်ကွက်၊ တာမွေမြို့နယ်တွင်နေသူ ဒေါ်သန်းချိုဝင်း [၁၀/မလမ(နိုင်)၀၀၆၉၁၃]ထံမှ ကျွန်ုပ်၏ အမှုသည် ဒေါ်ဝင်းမာလာကျော် ဝယ်ယူထားသော တိုက်ခန်းကိစ္စနှင့် ပတ်သက်၍ ဤကြော်ငြာပါသည့်နေ့မှ (၁၅)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ဖြေရှင်းရန်နှင့် ပျက်ကွက်ပါက တရားဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ဒေါ်သန်းချိုဝင်းသိစေရန် သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်သန်းသန်းဌေး LL.B(Advocate)
တရားရုံးချုပ်ရှေ့နေ
(ရုံး) အမှတ်(၆၀)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ် ရန်ကုန်မြို့။ ဖုန်း-၃၇၈၆၀၁။

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် မြေတိုင်းရပ်ကွက်အမှတ်၆အက်(ဖ်) ကြို့ကုန်း၊ မြေကွက်အမှတ်၈၊၉၊ $\frac{၁၀}{က}$၊ $\frac{၁၁}{ခ}$၊ $\frac{၁၂}{ခ}$ ဧရိယာ ၀.၁၁သမ၁၆၆ဧကရှိ(အစိုးရမြေ)အမှတ် ၁၀၂၄၊ ကျမ်းစာသင်ကျောင်းလမ်း အရှေ့ကြို့ကုန်းရပ်ကွက် အင်းစိန်မြို့နယ်ဟု ခေါ်တွင်သော မြေကွက်ကို ဦးထင်ချိုအား မြို့ရွာနှင့်အိုးအိမ် ဖွံ့ဖြိုးရေးဦးစီးဌာနမှ နှစ်(၆၀)မြေငှားစာချုပ် ထုတ်ပေးမည်ဖြစ်ပါ၍ ကန့်ကွက်ရန်ရှိပါက ကြော်ငြာသည့်နေ့မှစ၍ (နှစ်ပတ်အတွင်း) ဤဌာနသို့ လာရောက်၍ သက်ဆိုင်ရာစာရွက်စာတမ်း အထောက်အထားများတင်ပြ၍ ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန
ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ရန်ကုန်မြို့။

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြု အာဟာရနှင့် ပစ္စည်းများ ပေးအပ်လှူဒါန်း

မြိတ် ဇူလိုင် ၅

ဇူလိုင် ၃ ရက် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် တနင်္သာရီတိုင်း အမျိုးသမီးရေးရာအဖွဲ့နှင့် တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီက မြိတ်မြို့ မိဘမဲ့မိန်းကလေးများ ပရဟိတဂေဟာ၊ တိုင်းရင်းသားဖွံ့ဖြိုးရေး ပရဟိတ(ကျား) ဂေဟာနှင့် တောင်သာယာ ဘိုးဘွားရိပ်သာတို့သို့ ဇွန် ၂၂ရက်က စုစုပေါင်း တန်ဖိုးငွေကျပ် ၃၄၉၀၀၀ ရှိ အာဟာရများ၊ ဇလာစာအုပ်များ၊ စာရေးကိရိယာများ၊ အင်္ကျီ၊ ဖျာ၊ ခြင်ထောင်နှင့် ကာရာအိုကေစက်တို့ကို ပေးအပ်လှူဒါန်းသည်။

တက်ရောက်

အခမ်းအနားသို့ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ ဇနီး၊ တနင်္သာရီတိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယကနှင့် တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီ နာယက ဒေါ်နုနုဆွေ၊ တနင်္သာရီတိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်အေးအေးသိန်းနှင့် အမှုဆောင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မြိတ်မြို့ မိဘမဲ့မိန်းကလေးများ ပရဟိတဂေဟာရှိ မိန်းကလေးများအတွက် အင်္ကျီများ၊ စာရေးကိရိယာများနှင့် ကာရာအိုကေစက်တစ်စုံကိုလည်းကောင်း၊ တိုင်းရင်းသားဖွံ့ဖြိုးရေး ပရဟိတ(ကျား) ဂေဟာရှိ ယောကျ်ားလေးများအတွက် အင်္ကျီ၊ စာရေးကိရိယာ၊ ဇလာစာအုပ်၊ ဖျာနှင့် ခြင်ထောင်များကို လည်းကောင်း၊ တောင်သာယာ ဘိုးဘွားရိပ်သာရှိ ဘိုးဘွားများအတွက် အာဟာရများကိုလည်းကောင်း ပေးအပ်လှူဒါန်းသည်။ **(ခရိုင်ပြန်/ဆက်)**

ဇွန် ၂၄ ရက်က ထားဝယ် ဆိပ်ကမ်းသာလမ်း သာယာလှပရေးအတွက် ထားဝယ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ခင်မောင်ညိုနှင့် အဖွဲ့က လိုက်လံစစ်ဆေးရာ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးကြည်သန်း ရှင်းလင်းတင်ပြစဉ်။ (က-ပ)

စပါးပန်းတိုင် အထွက်နှုန်းရရှိရေး ပညာပေး သရုပ်ပြ

ပြည် ဇူလိုင် ၁၀

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင် သဲကုန်းမြို့နယ် ပုတီးကုန်း တောင်သူပညာပေးသင်တန်းစခန်းတွင် စပါးပန်းတိုင် အထွက်နှုန်း ရရှိရေးနှင့် တောင်သူများ ကိုယ့်မျိုးကိုယ်ထိန်း ပညာပေးသရုပ်ပြပွဲကို ဇူလိုင် ၂ ရက်က ကျင်းပသည်။

ပညာပေး သရုပ်ပြပွဲသို့ ပဲခူးတိုင်း (အနောက်ပိုင်း) မြန်မာ့စိုက်ပျိုးရေး လုပ်ငန်း တိုင်းမန်နေဂျာ ဦးစန်းမောင်နှင့် အဖွဲ့ဝင်များ၊ မြန်မာ့စိုက်ပျိုးရေး လုပ်ငန်း မျိုးစေ့ဌာနခွဲမှ ဒေါက်တာထွန်းဝင်း၊ မြို့နယ်မန်နေဂျာ ဦးလှမြင့်နှင့် ကွင်းဝန်ထမ်းများ၊ ပုတီးကုန်း၊ ဒလဲ့စခန်းနယ်မြေ(၉)အုပ်စုမှ တောင်သူများ တက်ရောက်ကြသည်။

ရှင်းလင်းပြသ

အဆိုပါ သရုပ်ပြပွဲတွင် ပဲခူးတိုင်း (အနောက်ပိုင်း) မြန်မာ့စိုက်ပျိုးရေး လုပ်ငန်း တိုင်းမန်နေဂျာ ဦးစန်းမောင်က အမှာစကားပြောကြားပြီး ဒေါက်တာ ထွန်းဝင်းက ခေါင်နှံ ၅၀၀ ရွေးပြီး ၂၅၀ နှံပျိုးပြီးမှ စိုက်လျှင် ၀ ဒသမ ၁၂ ဧကရကာ စပါးအနည်းဆုံး ခြောက်တင်း ထွက်နိုင်သဖြင့် လာမည့်နှစ်တွင် လေးဧက စိုက်ပျိုးနိုင်ကြောင်း၊ စပါးခေါင်နှံ ရွေးချယ်ပုံ၊ အနံ့လိုက် ပျိုးထောင်ပုံ၊ ပျိုးနုတ်ပုံ၊ မျိုးဆုံစိုက်ခင်း အကျယ်အဝန်းနှင့် စိုက်ပျိုးပုံတို့ကို အကျယ်တဝင့် ရှင်းလင်းပြသသည်။

ထို့နောက် မြို့နယ်မန်နေဂျာ ဦးလှမြင့်က တောင်သူများ ခေါင်နှံရွေး၍ ကိုယ့်မျိုးကိုယ်ထိန်း မျိုးပွားခြင်းကို ရှင်းလင်းပြသသည်။ **(၄၉၇)**

မူးယစ်ဆေးဝါးအလွဲသုံးမှု တိုက်ဖျက်ရေးဟောပြော

နမ့်ဆန် ဇွန် ၃၀

ရှမ်းပြည်နယ်(တောင်ပိုင်း)နမ့်ဆန်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဟောပြောပွဲနှင့် နံရံကပ်ဓာတ်ပုံ၊ စာစောင်ပြပွဲကို ဇွန် ၂၅ ရက် နံနက်က ရုံးခန်းမ၌ ကျင်းပရာ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှဦးစီးမှူး ဦးအောင်ဝင်း၊ လက်ထောက်ပညာရေးမှူး ဦးသန်းဌေးနှင့် ကျောင်းအုပ်ဆရာကြီး ဦးမျိုးတင့်တို့က "လူငယ်ဘဝ မူးယစ်စတဲ့ အန္တရာယ်"၊ "မူးယစ်ဆေးစွဲ ရောင်လွဲမရ ပြစ်ဒဏ်ကျ"၊ "မူးယစ်ဆေးသုံး လူညွှန့်တုံး" ခေါင်းစဉ်များဖြင့် ဟောပြောကြပြီး မြို့နယ်အတွင်းမှ ကျောင်းသား၊ ကျောင်းသူ တစ်ထောင်ကျော် တက်ရောက်ကြကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

ရေဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်အောင်ငွေတို့ ဟင်္သာတမြို့နယ် စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူဆောက်လုပ်သော ရဲကွင်းကျေးရွာအုပ်စု၊ တလုတ်ကုန်းကျေးရွာမှ ဦးတင်ဝင်း၏ ကျေးလက်အိမ်ရာကို ဇွန် ၂၆ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။ (က-ပ)

မြို့နယ် သတင်းများ

မြင်းခြံခရိုင် ပြည်သူ့ဆေးရုံကြီး ခုတင်-၁၀၀ ဆံ့ နှစ်ထပ်တိုးချဲ့ဆေးရုံ ဆောက်လုပ်ရန် အလှူရှင်များ၏ အလှူငွေကျပ် သိန်း ၃၀ ပေးအပ်ပွဲကို ဇွန် ၂၉ ရက်က ကျင်းပရာ ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဝင်းမြင့်နှင့် မိသားစုက ပထမအကြိမ် အလှူငွေကျပ် တစ်သိန်းအား ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ မောင်မောင်လှထံ ပေးအပ်လှူဒါန်းစဉ်။ (၁၁၄)

ကြေးတိုင်နှင့် မြေစာရင်းညွှန်ချုပ် မိုးစပါးစိုက်ပျိုးမှု ကွင်းဆင်းစစ်ဆေး

ကျောက်တန်း ဇူလိုင် ၁၉

လယ်ယာစိုက်ပျိုးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကြည်သည် ဇူလိုင် ၁၇ ရက် နံနက် ၉ နာရီတွင် ရန်ကုန်တိုင်း ကျောက်တန်းမြို့နယ် တံတားမြို့၌ ဖွင့်လှစ်ထားသော မြို့နယ်မြေစာရင်းရုံးတွင် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်မြေစာရင်းဦးစီးမှူး၊ ဌာနဆိုင်ရာဝန်ထမ်းများအားတွေ့ဆုံကာ မြို့နယ်လုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရန်အတွက် လယ်ယာကဏ္ဍ စာရင်းဇယားများ ပုံမှန် ကွင်းဆင်းကောက်ယူနိုင်ရေး ဆွေးနွေးမှာကြားသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ တိုင်းမြေစာရင်းဦးစီးဌာနမှူး ဦးကျင်ထွန်းနှင့် အထွေထွေအုပ်ချုပ်ရေးမှူး၊ မြို့နယ်မြေစာရင်းဝန်ထမ်းများ တက်ရောက်ကြသည်။

ဆက်လက်၍ ကျောက်တန်းမြို့နယ်အတွင်း စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းလျက်ရှိသော မိုးစပါးစိုက်ပျိုးပြီးစီးမှုများကို ကွင်းဆင်းစစ်ဆေးပြီး မိုးစပါးစိုက်ဧကမျိုးခွဲများ မှန်ကန်ရေးအတွက် ဝန်ထမ်းများအနေဖြင့် ကွင်းဆင်းဆောင်ရွက်ရန် အသေးစိတ်မှာကြားသည်။ **(က-ပ)**

ကျောက်ပန်းတောင်းမြို့နယ် သာယာလှပရေး အရိပ်ရပင်နှင့် ပန်းအလှပင်များ စိုက်ပျိုး

ကျောက်ပန်းတောင်း ဇူလိုင် ၁၇

ကျောက်ပန်းတောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့သန့်ရှင်းသာယာလှပရေးအတွက် အရိပ်ရပင်၊ ပန်းအလှပင်များ စိုက်ပျိုးခြင်းကို ဇူလိုင် ၁၁ ရက်က ကျောက်ပန်းတောင်း-မိတ္ထီလာ အဝေးပြေး ကားလမ်းမကြီး တစ်လျှောက်နှင့် မြို့အရှေ့ရှိ အခြေခံပညာ အလယ်တန်းကျောင်းရှေ့တွင် စိုက်ပျိုးကြသည်။ **(အောက်ဝဲပုံ)**

စုပေါင်းစိုက်ပျိုး

စိုက်ပျိုးပွဲသို့ ကျောက်ပန်းတောင်းတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီး သက်နိုင်နှင့် ဇနီး ဒေါ်ခင်နှင်းဉ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဝင်များ၊ မြို့အရှေ့ရှိ အခြေခံပညာအလယ်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးသိန်းလှိုင်နှင့် ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူ ၄၀၀ ဖြင့် ဆောင်ရွက်ကြပြီး ပန်းအလှပင် ၁၀၀၀၀ ကျော်ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ငှက်ဖျားရောဂါအကြောင်း သိကောင်းစရာ ဟောပြော

စစ်ကိုင်း ဇူလိုင် ၁၉

စစ်ကိုင်းတိုင်း ကလေးဝမြို့ ပဉ္စမအကြိမ် ငှက်ဖျားရောဂါ ရက်သတ္တပတ် လှုပ်ရှားမှုအဖြစ် ကျန်းမာရေးဟောပြောပွဲကို ဇူလိုင် ၁၇ ရက်က ကလေးဝမြို့ အထက ကျောင်းခန်းမတွင် ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်မွန်လတ်က အမှာစကားပြောကြားပြီး မြို့နယ်ဆရာဝန်ကြီး ဒေါက်တာ တင့်ရွှန်းက ငှက်ဖျားရောဂါအကြောင်း သိကောင်းစရာများနှင့် ခြင်ထောင်ဆေးစိမ်အသုံးပြုခြင်းဖြင့် ရရှိခံစားရမည့် အကျိုးကျေးဇူးများကို ရှင်းလင်းဟောပြောသည်။

အခမ်းအနားသို့ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့မှ ပုဂ္ဂိုလ်များ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြပြီး မြို့နယ်ဆရာဝန်ကြီးနှင့် ကျန်းမာရေးဝန်ထမ်းများက ကျောင်းကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်ကြကြောင်း သိရသည်။ **(က-ပ)**

ဂန့်ဂေါမြို့၌ ကာယအလှမယ်ပြိုင်ပွဲ ကျင်းပ

ဂန့်ဂေါ ဇူလိုင် ၁၅

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် ကာယအလှမယ်ပြိုင်ပွဲကို ဇူလိုင် ၂ ရက်က ဂန့်ဂေါမြို့ မြစ်သာခန်းမ၌ ကျင်းပရာ ရပ်ကွက်၊ ကျေးရွာများမှ ကာယအလှမယ် ၁၈ ဦးတို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

—— ဆုချီးမြှင့် ——

ပြိုင်ပွဲတွင် ကာယအလှမယ် ပထမဆုကို ဂန့်ဂေါမြို့ စည်ပင်သာယာ ရပ်ကွက်မှ မနီလာအောင်က လည်းကောင်း၊ ဒုတိယဆုကို မြို့မရပ်ကွက်မှ မဆွေဇင်မြင့်ကလည်းကောင်း၊ တတိယဆုကို ဂန့်ဂေါမြို့နယ် ကျောကျေးရွာမှ မခင်ဆန်းရီကလည်းကောင်း အသီးသီးရရှိကြပြီး မကွေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ အလုပ်အမှုဆောင်ဒေါ်သီတာ၊ ဂန့်ဂေါခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်အေးကြူ၊ အတွင်းရေးမှူး ဒေါ်ခင်သန်းနွဲ့၊ အလုပ်အမှုဆောင် ဒေါ်ကေသီနွယ်နှင့် ဒေါ်ဝင်းဆိုင်တို့က ဆုများ ချီးမြှင့်ကြသည်။ **(အပေါ်ပုံ)** **(၄၆၅)**

လေးအိမ်တန်းကျေးရွာအုပ်စု မူကြိုကျောင်းဆောင်သစ် ဖွင့်ပွဲကျင်းပ

ဒေးဒရဲ ဇူလိုင် ၁၂

